ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိ သကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 21 October 2021 ၁၀၅၃၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရား စေတီများအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို



သီတင်းကျွတ်လပြည့်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၀**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အရုဏ်ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ဧည့်ခံတန်ဆောင်း၌ ကျင်းပသည်။ ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရှိခိုးပူဇော်**

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက "ဝါဆို" ဘုရားရှိခိုးခြင်း၊ စိန်ရောင်ခြည် ဘုရားပင့်ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂**


## ယနေ့ ဖတ်စရာ

**အဘိဓမ္မာတရားကို လေ့လာသင်ကြားနာယူ၍ သာသနာတော်ကို ကျေးဇူးဆပ်စေချင်** စာမျက်နှာ » ၆

**လစ်ဘရယ်လှိုင်းအပုတ်မှာ တိမ်မြုပ်စပြုလာသည့် ရိုးရာဓလေ့စံနှုန်းများ** စာမျက်နှာ » ၁၀

**မလိုအပ်ဘဲ ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းမထိုးသင့်**



စာမျက်နှာ » ၁၆

**ငြိမ်းချမ်းမှုနဲ့ သဟဇာတဖြစ်ရေးဆီ ဦးတည်ကြမည် မြန်မာပြည်** စာမျက်နှာ » ၁၉

**ဘဝကို တိုက်ပွဲလို့ခံယူလိုက်တိုင်း တိုက်ပွဲတိုင်း အရှုံးနဲ့ပဲ ရင်ဆိုင်ရပါလိမ့်မယ်** စာမျက်နှာ » ၂၃

ကြေးမုံ

# အာဆီယံ၏ အစဉ်အလာကောင်းများထိန်းသိမ်း

ယခုတစ်လော မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့၏ ဆက်ဆံရေးအခြေအနေတို့ကို ကြားသိနေရပါသည်။ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်ရေးကိစ္စ၊ မကြာမီကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်မည့်ကိစ္စနှင့် တက်ရောက်ပါက မည်သည့်အဆင့် တက်ရောက်ရန်ကိစ္စတို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးပြောကြားသည့်ကိစ္စများဖြစ်သည်။

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရအပေါ် ကုလသမဂ္ဂနယ်ပယ်တွင် အမျိုးမျိုးအဖုံဖုံ ဖိအားပေးမှုများ၊ အကျပ်ကိုင်မှုများ၊ တစ်ဖက်သတ်ဆုံးဖြတ်မှုများပြုလုပ်ခဲ့ပြီးနောက် ယခုအခါ အာဆီယံနယ်ပယ်တွင်ပါ ဖိအားပေးမှုများ ပြုလုပ်လာသည်ကိုတွေ့ရသည်။ ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်က အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်သည့် အာဆီယံထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံနှင့်ပတ်သက်သည့်မူအားဖြင့် ဘုံသဘောတူညီချက် (၅) ခု ရရှိခဲ့သည်။ သဘောတူညီချက်တွင် ပထမအချက်ဖြစ်သည့် အကြမ်းဖက်မှုများ အမြန်ဆုံးရပ်ဆိုင်းရန်နှင့် အားလုံးက ထိန်းသိမ်းကြပ်မတ်ခြင်းဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ရေးအပါအဝင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် တာဝန်ပေးနိုင်ရေးပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် သဘောတူညီချက်ကို မြန်မာနိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှုနှင့် အာဆီယံ၏ Charter များနှင့်အညီ ဆောင်ရွက်သွားမည်ဟု အသိပေးခဲ့သည်။

သို့သော် အာဆီယံ၏ ဧပြီလ ကြေညာချက်ထုတ်ပြန်ပြီးသည့်နောက်ပိုင်း၌ CRPH နှင့် NUG တို့၏ လှုံ့ဆော်မှု၊ EAO အချို့၏ ပါဝင်ပတ်သက် အားပေးမှုများကြောင့် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ပိုမိုဆိုးရွားစွာဖြစ်ပေါ်လာရာ ပြဿနာကို နိုင်ငံတော်အစိုးရက ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ အဆိုပါအကြမ်းဖက်မှုများကို မည်သည့်နိုင်ငံကမျှ ဟန့်တားခြင်း၊ ကန့်ကွက်ခြင်း၊ ရှုတ်ချခြင်းပြုလုပ်ကြခြင်းမရှိဘဲ မြန်မာနိုင်ငံအစိုးရကိုသာ အာဆီယံက တောင်းဆိုမှုများ ပြုလုပ်လျက်ရှိသည်။ အောက်တိုဘာလ ၁၅ ရက်နေ့က ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးပြောကြားခဲ့သည့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်ကြောင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာစိတ်ပျက်ပြီး ပြင်းထန်စွာကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာဆီယံအဖွဲ့သည် နှစ် ၅၀ ကျော်သည်အထိ သက်တမ်းရှည်ကြာစွာ ရပ်တည်နိုင်သည့်အပြင် ကမ္ဘာ့အဖွဲ့အစည်းများက လေးစားဂုဏ်ယူရသော အဖွဲ့အစည်းဖြစ်ခဲ့သည်မှာ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု၊ လူမှုရေးတို့နှင့် ပတ်သက်၍ ကောင်းမြတ်သောအစဉ်အလာများ ချမှတ်စောင့်ထိန်းကျင့်သုံးလေ့ရှိခြင်းကြောင့်ဖြစ်သည်။ ဤသို့သော ကောင်းမြတ်သည့်အစဉ်အလာများကို ကောင်းမြတ်သော ရည်ရွယ်ချက်နှင့် စနစ်တကျချမှတ်ဆောင်ရွက်နိုင်ရန် ဗီယန်ကျင်းလုပ်ငန်းအစီအစဉ်များကို ချမှတ်နိုင်ခဲ့သည်။ အာဆီယံအဖွဲ့ကြီး နှစ်ပေါင်းရှည်ကြာတည်တံ့နိုင်ခဲ့ခြင်းမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်ဦးပြည်တွင်းရေးကို တစ်ဦးကဝင်ရောက်စွက်ဖက်မှုမပြုခြင်း၊ အငြင်းပွားခြိမ်းခြောက်ခြင်းကို ရှောင်ကြဉ်ခြင်းနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့်ဖြစ်သည်။

အာဆီယံအဖွဲ့သည် ဤသို့သော ကောင်းမြတ်သည့် မူဝါဒများချမှတ်နိုင်ရန် အရေးပါသော နိုင်ငံရေးဆိုင်ရာ သဘောတူညီမှုများကို အတည်ပြုခဲ့ကြပြီးဖြစ်သည်။ သို့သော် ဒေသတွင်းမဟာဗျူဟာအရ အားပြိုင်မှုများ ပိုမိုဖြစ်ပေါ်နေချိန်တွင် အာဆီယံ၏ အစဉ်အလာကောင်းများဖြစ်သည့် မတူကွဲပြားမှုများကို အခြေခံပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့မှုနှင့် မတူညီမှုများကို ဆွေးနွေးတိုင်ပင်ပြီး တူညီဆန္ဒဖြင့် ဆောင်ရွက်မှုများကို ပစ်ပယ်ခဲ့ခြင်းသည် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ ဗဟိုပြုမှုကို ထိခိုက်စေမည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။ အာဆီယံအထူးကိုယ်စားလှယ်၏ တောင်းဆိုမှုများတွင်လည်း ညှိနှိုင်းမရနိုင်သောအချက်များပါဝင်နေသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသော ဦးတည်ချက်၊ ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအတွက်၊ အာဆီယံအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်သာဖြစ်သည်။ အာဆီယံအနေဖြင့် ကောင်းမြတ်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး အခြေခံမူများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီသုံးခုမှ ယာဉ်စီးရေ လေးစီးဖြင့် နှာခေါင်းစည်း ၂၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေးတင်သွင်းခွင့် ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၀-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Symptomatic** | | | | |
| 1 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 2 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 3 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 4 | P.O - Pantocid | 10X10's / Box | 7000 | PL |
| 5 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 6 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 7 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 8 | PO - Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 9 | P.O - Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 10 | P.O - Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/ posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ကိုဗစ်စင်တာများ၌ ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၆၂ ဦးနှင့် အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၁၁၄ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား လေးဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ခုနစ်ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာပြင်** | - ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလို

**နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မထိခိုက်စေရန် သဘောထားကြီးစွာဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလိုပါသည်။**

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဗုဒ္ဓရုပ်ပွားတော်များနှင့် မဟာဗောဓိပင်အား အနေကဇာတင်ပူဇော်ခြင်း ရေစက်ချမင်္ဂလာအခမ်းအနားတက်ရောက်

## နေ့စဉ် ရုပ်သံလွှင့်လုပ်ငန်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား သီတင်းကျွတ်အမှတ်တရလက်ဆောင်များ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ဗုဒ္ဓရုပ်ပွားတော်များနှင့် မဟာဗောဓိပင်အား အနေကဇာတင်ပူဇော်ခြင်း ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ရုပ်သံလွှင့်လုပ်ငန်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ သီတင်းကျွတ် အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဟာဗောဓိအောင်မြေကုန်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူနှင့် မဟာဗောဓိပင်တို့အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ နေပြည်တော်တပ်ကုန်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ မဟာဇနကကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏာရဟနှင့် သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူနှင့် မဟာဗောဓိပင်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ထို့နောက် ဆရာတော်များထံမှ ငါးပါးသီလခံယူခြင်း၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများပြုလုပ်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးဒေါ်ခင်ဆွေဝင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်းနှင့် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ခြင်းများ ပြုလုပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဗုဒ္ဓရုပ်ပွားတော်များနှင့် မဟာဗောဓိပင် လှူဒါန်းပူဇော်ရခြင်း ကမ္ပည်းကျောက်စာတိုင်ကို စိုက်ထူဖွင့်လှစ်ပေးပြီး ရတနာရွှေမိုးငွေမိုး ရွာသွန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ နေ့စဉ် ရုပ်သံလွှင့်လုပ်ငန်း တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ သီတင်းကျွတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

**အသိအမှတ်ပြုဂုဏ်ပြု**

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား နှုတ်ဆက်အားပေးစကား ပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများသည် ယခင် ကိုဗစ်ကာလ ရုံးပိတ်ရက်ရှည်များ၊ ယခုလို သီတင်းကျွတ်ရုံးပိတ်ရက်များ၊ သင်္ကြန်ရုံးပိတ်ရက်ရှည်များအပါအဝင် ရုံးပိတ်ရက်များတွင် အခြားသောဝန်ထမ်းများကဲ့သို့ နားရက်မရှိဘဲ မီဒီယာလုပ်ငန်းများကို နိုင်ငံအတွက်၊ ပြည်သူ့အတွက် ဆောင်ရွက်နေကြရသည့်အတွက် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**နေ့စဉ် ရုံးပိတ်ရက်မရှိ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူ့အတွက် သတင်းအချက်အလက် ပြန်ကြားခြင်း၊ အသိပညာမျှဝေပေးခြင်းနှင့် ဖျော်ဖြေမှုပေးခြင်းတို့ကို ရုပ်မြင်သံကြား ထုတ်လွှင့်မှုများအား MRTV-HD၊ NRC၊ Farmers၊ Education၊ Sports ၊ Hluttaw Channel တို့အပြင် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် MITV ၊ MRTV Entertainment Channel တို့ဖြင့်လည်းကောင်း၊ ရေဒီယိုထုတ်လွှင့်မှုများအား မြန်မာ့အသံရေဒီယို၊ တိုင်းရင်းသားဘာသာအစီအစဉ်၊ သပြေရေဒီယို၊ မေယု FM နှင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio (FM Channel) တို့ဖြင့်လည်းကောင်း၊ MRTV Webportal တည်ထောင်ပြီး Online Media များဖြင့်လည်းကောင်း အများပြည်သူဝန်ဆောင်မှု မီဒီယာပုံစံဖြင့် နေ့စဉ် ရုံးပိတ်ရက်မရှိ ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၀**
သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၃၇)ကို အောက်တိုဘာ ၂၂ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၃၇)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လတ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ (၂၂၊ ၂၃၊ ၂၄ )ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၀**
ကချင်ပြည်နယ်တွင်နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ၊ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**



သီတင်းကျွတ်လပြည့်နေ့တွင် မဟာဝိဇယစေတီတော်သို့ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေမှုကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ အဘိဓမ္မာအခါတော်နေ့ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပစဉ်။

❂ ရှေ့ဖုံးမှ

ပရိသတ်အပေါင်းတို့ နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း၊ ဘုရား၊ တရား၊ သံဃာ့ဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ၊ သာဓုခေါ်ဆိုခြင်း စသည့်အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆီမီး ၁၁ဝဝဝ**

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အများပြည်သူများလှူဒါန်းထားသည့် ဆီမီး ၁၁ဝဝဝ ကို ရွှေတိဂုံစေတီတော် ပတ်လည်ရှိ ဆီမီးခုံများ၌ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့အရုဏ်တက်ချိန်တွင် စေတီတော်အား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ထို့ပြင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင်ရှိ နန်းဦးဘုရားတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက နတ်ပြဟ္မာများ ပင့်ဖိတ်ခြင်း၊ အဘိဓမ္မာတရား ဟောကြားတော်မူသော မြတ်စွာဘုရားအား ရှိခိုးပူဇော်သည့် ဝန္ဒနာဂါထာကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဩကာသကန်တော့ချိုးဖြင့် မြတ်စွာဘုရားအား ကန်တော့၍ သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလတော်မြတ်ကို ခံယူဆောက်တည်ခြင်း၊ အဘိဓမ္မာအကြောင်း သိကောင်းစရာများကို မြွက်ကြားခြင်းနှင့် အဘိဓမ္မာ အမွှမ်းဂါထာ၊ အဘိဓမ္မာပါဠိတော်များနှင့် ရောင်ခြည်တော်ဘွဲ့ သံဆန်းကဗျာများကို ရွတ်ဖတ်ပူဇော်ကြပြီး မေတ္တာပို့အမျှဝေ ဆုတောင်းကြသည်။

အရုဏ်တက်ချိန်တွင်လည်း ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ခဲ့ကြသည်။

**ရွတ်ဖတ်ပူဇော်**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ရေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားနှင့် ဝရဒါဠာဓာတုစေတိယစွယ်တော်မြတ်စေတီတော် (ရန်ကုန်)တို့တွင်လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ ယနေ့အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်ကြခြင်း၊ မြို့နယ်ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုး၊ အဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြသည်။ **သတင်း–ကိုကိုဇော်၊ ကျော်စိုးဝင်း**

**ဓာတ်ပုံ–ဇော်မင်းလတ်(MNA)**




# မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး၌ ရုပ်ပွားတော်များအား သစ်သီး၊ ဆီမီး၊ ပန်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်း၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ နံနက် ၅ နာရီမှစတင်ကာ ဘုရားကြီး၏ ဂေါပကဥက္ကဋ္ဌ ဦးရွှေမောင်နှင့်အဖွဲ့က အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို သစ်သီးများ ကပ်လှူကြပြီး ဆီမီး၊ ပန်းတို့ကို ဘုရားဖူးလာပြည်သူများက လှူဒါန်းကြသည်။ ထို့ပြင်အနယ်နယ်အရပ်ရပ်မှ လာရောက်ဘုရားဖူးပြည်သူများက ဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန် အလှူငွေများ စုပေါင်းလှူဒါန်းကြပြီး ဘုရားဖူးလာပြည်သူများကိုလည်း စေတနာရှင်အလှူရှင် များက စတုဒိသာ အလှူမုန့်ဟင်းခါးများ၊ အချိုရည်တို့ကို ပြန်လည် လှူဒါန်းကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ချောင်းသာကမ်းခြေ၌ သီတင်းကျွတ်ပွဲတော်ကာလ၌ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ

**ချောင်းသာ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေ၌ သီတင်းကျွတ်ပွဲတော်ကာလ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ အများအပြားလာရောက်လျက်ရှိကြောင်း သိရသည်။

**အထူးစည်ကားလျက်ရှိ**

ခရီးသွားမိဘပြည်သူများ အေးချမ်းစွာ အနားယူနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် စည်း/ထိန်းပူးပေါင်းအဖွဲ့ဝင်များ၊ နယ်မြေခံ တပ်/ရဲ အဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မြို့ဝင်/ထွက်ဂိတ်၊ မြို့တွင်း လူစည်ကားရာလမ်းဆုံများ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေးအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ ချောင်းသာကမ်းခြေသို့ ဧည့်သည်များ အများအပြား လာရောက်ကြသည့်အတွက် ဟိုတယ်၊ တည်းခိုခန်းတို့တွင်လည်း အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**



# သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

နေပြည်တော် အောက်တိုဘာ ၂၀

**သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ဟောကြားခြင်း ပြီးမြောက်သောနေ့၊ နတ်ဗြဟ္မာအပေါင်းတို့ ခြံရံလျက် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာ နတ်လူ သုံးဘုံလူတို့ မြတ်စွာဘုရားအား ကြည်ဖြူ ကော်ရော် ပူဇော်သောနေ့၊ လောကဝိဝရဏ တန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသောဂုဏ်ထူးဝိသေသတို့ဖြင့် အထူးတလည်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။**

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြလေ့ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဗုဒ္ဓဂယာ (နေပြည်တော်)၊ မဟာသကျရုံသီရပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ဓါတုစယခတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ လှေခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နိုမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့ နံနက်ပိုင်းမှစတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ တရားသဘင်များ ကျင်းပခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း စသည့်ကုသိုလ်ပြုမှုများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်သည့် မောင်ပြည့်ဖြိုးအောင်က “ဒီနေ့က ရုံးပိတ်ရက်လည်းဖြစ်တော့ သူငယ်ချင်းတွေနဲ့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာပါ။ ဘုရားရင်ပြင်တော်ကို သန့်ရှင်းရေးလုပ်တယ်၊ တံမြက်စည်းလှည်းတယ်။ ဒီနေ့မနက်ပိုင်းမှာ ရန်အောင်ချမ်းသာဘုရားကြီးကို ဆက်ပြီးတော့ သွားရောက်ဖူးမြော်မှာပါ။ ညနေပိုင်းမှာတော့ ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး ရပ်ကွက်ထဲမှာရှိတဲ့ ဘုရားကို ဆီမီး ၁၀၀၀ ပူဇော်မှာ ဖြစ်ပါတယ်။ အချိုရည်နဲ့ အအေး စတဲ့အလှူလည်း လုပ်ဖို့ရှိပါတယ်။ ညပိုင်းမှာတော့ ရပ်ကွက်ထဲမှာရှိတဲ့ သက်ကြီးရွယ်အို၊ မိဘဘိုးဘွားတွေနဲ့ ဆရာသမားတွေကို သွားပြီးကန်တော့မှာပါ။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြတဲ့ ပြည်သူတွေနဲ့ ပြည်ပမှာ ရောက်ရှိနေကြတဲ့ ပြည်သူတွေအားလုံး ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို ကျော်လွှားပြီး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်” ဟု ပြောသည်။

ထို့ပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၌ ဆင်စာကျွေးကြသူများ၊ နိဗ္ဗန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

“သီတင်းကျွတ်လပြည့်နေ့က ဗုဒ္ဓဘာသာဝင်တို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ဒီလို နေ့ရက်မှာ ဘုရားကိုလာပြီး ဘုရားရှင်ကို သက်ရှိထင်ရှား မဖူးမြော်လိုက်ရပေမယ့်လည်း သက်ရှိထင်ရှားရှိသလို စိတ်ကရည်မှန်းပြီး ဖူးမြော်လိုက်ရတဲ့အတွက် ထူးခြားတဲ့ခံစားမှုမျိုး ခံစားရပါတယ်။ လာရောက်ဖူးမြော်ကြတဲ့လူတိုင်းလည်း ဒီလိုခံစားရမယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ရှိကြတဲ့ ပြည်သူတွေအားလုံး ကပ်ကြီးသုံးပါးကို ကျော်လွှားပြီး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ အားလုံး အဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်” ဟု ရန်အောင်ချမ်းသာဘုရားကြီးသို့ ဘုရားဖူးလာရောက်သည့် လယ်ဝေးမြို့နယ် ရေအိုးစဉ်ကျေးရွာမှ ဦးအောင်တိုးဝင်းက ပြောသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများနှင့် မင်္ဂလာကန်တော်တွင် အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ကြသူများ၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ကြသူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ စနစ်တကျ လက်ဆေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေး ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။

**သတင်း - ဟိန်းအောင်၊ ဓာတ်ပုံ - ကိုကိုအေး**



သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးသူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားများပြားနေသည်ကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရန်အောင်မြင်ရွှေလက်လှစေတီတော်သို့ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်နေမှုကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရန်အောင်ချမ်းသာကြီးဘုရားကြီး၌ ဘုရားဖူးလာပြည်သူများကို တွေ့ရစဉ်။

# အဘိဓမ္မာတရားကိုလေ့လာသင်ကြားနာယူ၍ သာသနာတော်ကို ကျေးဇူးဆပ်စေချင်

ဒေါက်တာမြတ်မိုး

ဘဝတွင် တန်ဖိုးမဖြတ်နိုင်သောမြတ်စွာဘုရား၏ တရားတော်များအနက် အဘိဓမ္မာတရားတော်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အဘိဓမ္မာတရားကြောင့် မိမိခန္ဓာ မိမိကိုယ်တိုင်သိခွင့်ရသည့်အတွက် မိမိ၏ဓမ္မလမ်းကြောင်းကို မတိမ်းမစောင်းစေရန် မှန်မှန်ကန်ကန် ထိန်းကျောင်းပေးနိုင်သော တရားတော်တစ်ခုအဖြစ် ဂုဏ်ယူမိပါသည်။ ထို့ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆုံးမထိန်းကျောင်းနိုင်အောင် အသေးစိတ်လမ်းပြပေးသော တရားတော်ကြီးအဖြစ် တင်စားမိပါသည်။

**အခြားသောဓမ္မတရားများထက် သာလွန်သော ဓမ္မထူး**

ကျေးဇူးရှင်မြတ်စွာဘုရားကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်ကိုရရှိပြီး ၄၅ ဝါ ကာလပတ်လုံး ဟောကြားတော်မူသော အဆုံးအမ၊ စကား၊ တရားဓမ္မအားလုံးတို့ကို သိုလှောင်ရာ "ခြင်းတောင်း" သဗ္ဗညုတဉာဏ်တော်ဖြင့် ဤအဘိဓမ္မာတရားတော်ကို ခုနစ်ရက်တိုင်တိုင် ဆင်ခြင်တော်မူခဲ့သည်။ ဘုရားဖြစ်ပြီး ခုနစ်ဝါမြောက်တွင် မြတ်စွာဘုရားသည် မယ်တော်မာယာဖြစ်ခဲ့ဖူးသည့် သုတိသာနတ်ပြည်ရှိ သန္တုသိတနတ်သားကို ကျေးဇူးဆပ်အမှူးထား၍ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့ကို တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး နေ့ရောညပါ အသံမစဲအဘိဓမ္မာတရားကို ဟောကြားခဲ့သည်။

ဤသည်ကိုအကြောင်းပြု၍ မိဘကျေးဇူးဆပ်တရားဟုလည်း အမည်တွင်ပါသည်။ ကျယ်ဝန်းနက်နဲလွန်းလှသော ဤတရားတော်ကြီးကို အစအဆုံးတစ်ထိုင်တည်း ဝါတွင်းသုံးလကြာအောင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အသေးစိတ်ဟောကြားနိုင်ခြင်းမှာလည်း ထူးခြားပါသည်။ ဝါတွင်းသုံးလ ရက် ၉၀ သည် တာဝတိံသာနတ်တို့၏ သက်တမ်းနှင့်မှု ဟောနိုင်ခြင်းဟူသော ဂုဏ်ပုဒ်ကြောင့်ဖြစ်ပါသည်။ ဘုရားရှင်က မြန်စွာဟောသည်ကို နာယူသူများကလည်း သာယာနာပျော်ဖွယ် ရှင်းလင်းပြတ်သားစွာဖြင့် နာယူနိုင်ကြသည်ဟုဆိုပါသည်။ မည်မျှမြန်ဆန်လွန်းသည်ဟုဆိုလျှင် သာမန်လူပုဂ္ဂိုလ်တစ်ခွန်းပြောတိုင်း ဘုရားရှင်က ၁၂၈ ခွန်းအထိ ပြောနိုင်စွမ်းရှိသည်ဟု သိရှိရသည်။ ဘုရားရှင်က မာဂဓဘာသာစကားဖြင့် ဟောကြားသော်လည်း နာယူသူက မိမိဘာသာစကားဖြင့်သာ နာယူနိုင်သည်အထိ အစွမ်းရှိလှပါသည်။

**ခုနစ်ကျမ်းသော အဘိဓမ္မာ သင်္ဂါယနာတင်တိုင်းပါ**

မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိစဉ်ကာလအတွင်းတွင်လည်း အဘိဓမ္မာကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချနိုင်ခဲ့ပါသည်။ အဘိဓမ္မာကျမ်းကား ခုနစ်ကျမ်းရှိသည်။ ပရမတ္ထတရားများကို အရေ

> **အဘိဓမ္မာသင်ကြားခြင်းသည် ဗုဒ္ဓ၏အဆုံးအမများကို လက်ဆင့်ကမ်းသယ်ဆောင်ခြင်းပင် ဖြစ်သည်။ အဘိဓမ္မာပညာသင်ကြားပြီးသည့်အခါ မိမိတို့ခန္ဓာကို အဘိဓမ္မာအသိဖြင့်တိုက်ဆိုင်၍ ဆင်ခြင်ကျင့်ကြံနေထိုင်သွားနိုင်တော့မည်ဖြစ်သည်။ ခန္ဓာမှလာသောတရားကို ခန္ဓာဖြင့်ပြန်တိုက်ခြင်းပင်ဖြစ်၍ တရားစာသင်ကြားနေချိန်သည် တရားကိုပူဇော်နေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာတရားတော်များကို စနစ်တကျ လေ့လာသင်ကြားနာယူပူဇော်၍ ကျွန်တော်တို့၏ဘာသာသာသနာကို ကျေးဇူးအထူးဆပ်ကြပါရန် အားပေးတိုက်တွန်း**

သဖွယ် "ပိဋက"အားဖြင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူ၍ အမျိုးတူရာစုစည်းပြီး သုံးမျိုးခွဲခြားသိမ်းဆည်းထားရာ အဘိဓမ္မာပိဋကတွင် ပါဝင်သည့် တရားအပေါင်းအစု "ခန္ဓာ"ပေါင်းမှာ ၄၂၀၀၀ ရှိလေသည်။

ပိဋကတ်သုံးပုံတွင် အစစ်အမှန် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိရာ အဘိဓမ္မာပိဋကတွင် ပါဝင်သောခန္ဓာပေါင်းမှာ ကျန်ပိဋကနှစ်ခုထက် အရေအတွက်အားဖြင့် အများဆုံးဖြစ်သည်မှာ ထူးခြားချက်တစ်ခုဖြစ်ပါသည်။ အဘိဓမ္မဟူသည့် အနက်အဓိပ္ပာယ်ကိုယ်တိုင်ကလည်း ထူးခြားနေပါသည်။ "အဘိ" ဆိုသည့်အနက်က "သာလွန်သည်၊ ထူးခြားသည်၊ အထက်၌သာရှိသည်"ဟူသည့် အဓိပ္ပာယ်ရသလို "ဓမ္မ" ဆိုသည့်အနက်တွင် "ကုသိုလ်တရား၊ သစ္စာတရား၊ ကျေးဇူးတရား၊ ဝိနည်းမှကြွင်းသော ဘုရားစကား" စသည့် အဓိပ္ပာယ်များဖြင့် ပြည့်နှက်နေသည်ကိုတွေ့ရပါသည်။

နောက်ထူးခြားချက်တစ်ခုမှာ အခြားသုတ္တန္တပိဋကကဲ့သို့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့၏ ဣန္ဒြေစရိုက်အကြိုက်နှင့် ဆီလျော်အောင် ဟောကြားထားသော တရားများမဟုတ်ဘဲ သတ္တဝါအားလုံးတို့၏စရိုက်ကိုလည်း မလိုက်၊ ဟောသင့်ဟောထိုက်သလို ဓမ္မသဘောအတိုင်း အသေးစိတ်အကျယ်ချဲ့ ဟောကြားထားသော တရားဖြစ်သည်။ တာဝတိံသာနတ်ပြည်၌သာ ဝေဖန်သောနည်း၊ အမေးအဖြေပုံစံများဖြင့် ဟောကြားထားပုံအရ သုတ္တန္တ၊ ဝိနည်းဓမ္မတို့ထက် သာလွန်သောဓမ္မဖြစ်သည်ဟုဆိုပါသည်။

**ကျေးဇူးဆပ်တရားတော်အဖြစ် နတ်ပြည်တွင်သာဟောကြားခဲ့ခြင်း**

မြတ်စွာဘုရားရှင်သည် စတုတ္ထသတ္တာဟ "ရတနာဃရ" ရွှေအိမ်တော်၌ ရှိပြီးသော မိနစ်စက္ကန့်အပိုင်းအခြားသာဖြစ်သည်။ တာဝတိံသာနတ်တို့၏ တစ်ရက်သက်တမ်းသည် လူတို့၏ နှစ် ၁၀၀ သက်တမ်းနှင့်ညီမျှသည်ဖြစ်ရာ နတ်များအတွက်မူ မပင်ပန်းရဘဲ အချိန်လည်းများစွာမယူရသည့်အတွက် နတ်ပြည်တွင်သာ ဟောကြားရခြင်း ဖြစ်ပါသည်။

**နည်းသုံးနည်းဖြင့် ရှင်းလင်းစွာဟောတော်မူခဲ့သောတရား**

နတ်ပြည်တွင် မြတ်စွာဘုရားက နတ်တို့အား ဟောကြားရာတွင် အကျယ်နည်းဖြင့်ဟောတော်မူခဲ့ခြင်းဖြစ်သည်။ မြတ်စွာဘုရား လူ့ပြည်သို့ပြန်၍ ဆွမ်းဘုဉ်းပေး၊ ရေချိုးသန့်စင်ပြီး စန္ဒကူးတောတွင် အနားယူခိုက် ဘုရားကို ဝတ်ကြီးဝတ်ငယ်ပြုစုနေသည့် အရှင်သာရိပုတ္တရာမထေရ်ကိုမူ အကျဉ်းဆုံးနည်းအားဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ကဿပဘုရားလက်ထက်က လင်းနို့သား ၅၀၀ အဖြစ် အဘိဓမ္မာတရားကို ရဟန်းနှစ်ပါးထံမှ နေ့စဉ်နာကြားခဲ့ရသည့်ကျေးဇူးကြောင့် အကြိမ်ကြိမ်နတ်သားဖြစ်ခဲ့ကြပြီး ဂေါတမမြတ်စွာဘုရားလက်ထက်တွင် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းဖြစ်လာကြသည့် ရဟန်း ၅၀၀ ကိုမူ အရှင်သာရိပုတ္တရာက ဘုရားရှင်၏လက်ခံအတည်ပြုချက်ဖြင့် မကျဉ်းမကျယ်နည်းဖြင့် ပြန်လည်ဟောကြားခဲ့သည်။ နည်းသုံးနည်းဖြင့် လူ့ပြည်၊ နတ်ပြည်နှစ်ဌာနစလုံးတွင် ဟောကြားခံခဲ့ရသောတရားတော်ဖြစ်ပါသည်။ ယနေ့ခေတ် လူပုဂ္ဂိုလ်များ အဘိဓမ္မာသင်တန်းများတွင်သင်ကြားနာယူနေသောနည်းသည် မကျဉ်းမကျယ်နည်းဖြင့် ဟောကြားခဲ့သောတရားဖြစ်ကြောင်း သိရှိရပါသည်။

အဘိဓမ္မာတရားကို မြတ်စွာဘုရားက အသံမစဲဟောကြားနိုင်သည်ဟုဆိုရာတွင် ဘုရား၏ စိတ်အလိုတော်အတိုင်း အလွန်လျင်လျင်မြန်မြန် အတွက်အားဖြင့် ပေါင်းစုပြသော "ဓမ္မသင်္ဂဏီကျမ်း"၊ အကျယ်ဝေဖန်သော "ဝိဘင်းကျမ်း"၊ ခန္ဓာ အာယတန ဓာတ်သစ္စာအပြားအားဖြင့်ဝေဖန်သော "ဓာတုကထာကျမ်း"၊ ပညတ်အားဖြင့် "ပုဂ္ဂလပညတ်ကျမ်း"၊ အယူဝါဒအားဖြင့် "ကထာဝတ္ထုကျမ်း"၊ အစုံလိုက်ပရမတ္ထတရားအားလုံးကို "ယမိုက်ကျမ်း"၊ အကြောင်းအကျိုးဆက်၍ "ပဋ္ဌာန်းကျမ်း" ဟူ၍ ဖြစ်ပါသည်။ ကျမ်းများအလိုက်ဟောကြားသော ရက်များလည်း မတူကြပါ။ အနည်းဆုံး ပုဂ္ဂလပညတ်ကျမ်းကို ငါးရက်မှ အများဆုံး ပဋ္ဌာန်းကျမ်းအထိ ၂၅ ရက်ကြာမြင့်ခဲ့သည်ဟု မှတ်သားမိပါသည်။

အဘိဓမ္မာပိဋကများသည် ပထမသင်္ဂါယနာတင်စဉ်ကတည်းက ပါဝင်ခဲ့သည်။ သို့သော် ကထာဝတ္ထုမှာမူ တတိယသင်္ဂါယနာကျမှ ပြည့်စုံစွာပါဝင်ခဲ့ပါသည်။ သာသနာနှစ် ၂၃၆ တွင် သီဟိုဠ်၌ သာသနာပြန့်ပွားသွားရာတွင် အဘိဓမ္မာအပါအဝင် ပိဋကတ်သုံးပုံစလုံး အပါအဝင်ဖြစ်ခဲ့ပြီး ထိုစဉ်က နှုတ်တက်အာဂုံဆောင်၍သာ သင်ကြားပို့ချနာယူခဲ့ကြရသည်။ စတုတ္ထသင်္ဂါယနာရောက်မှ အဘိဓမ္မာကျမ်းများကို ပေထက်အက္ခရာတင်နိုင်ခဲ့ခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။ မြန်မာနိုင်ငံသို့မူ တတိယသင်္ဂါယနာတင်ပြီးနောက်မှသာ အဘိဓမ္မာကျမ်းများရောက်ရှိခဲ့ရာ သုဝဏ္ဏဘူမိ (သထုံခေတ်)မှစ၍ ဆဋ္ဌမသင်္ဂါယနာတင်ပြီး ယနေ့အချိန်ကာလအထိ ခေတ်အဆက်ဆက် နာယူပူဇော်ခွင့်ရရှိနေကြပြီဖြစ်ပါသည်။

**ထင်ရှားကျော်ကြား ကျမ်းပြုမထေရ်အာဇာနည်များ**

အဘိဓမ္မာပထမဆုံး ကျမ်းပြုပုဂ္ဂိုလ်များကား အိန္ဒိယတိုင်းသားများဖြစ်ကြသော "အရှင်မဟာဗုဒ္ဓဃောသ" နှင့် "အရှင်ဗုဒ္ဓတ္တ" တို့ဖြစ်ကြသည်။ ထို့နောက် "အရှင်အာနန္ဒာ" နှင့် "အရှင်ဓမ္မပါလ"တို့ ဆက်လက်ပေါ်ထွန်းခဲ့ကြသည်။ ထို့နောက် သီဟိုဠ်မြို့၌ ကျောင်းထိုင်သော "အရှင်အနုရုဒ္ဓါ"၊ "အရှင်သာရိပုတ္တရာ" နှင့် "အရှင်သုမင်္ဂလသာမိ" တို့ ဆက်တိုက်ပေါ်ထွန်းခဲ့သည်။ ယနေ့လူပုဂ္ဂိုလ်များ သင်ကြားနာယူနေကြသော အဘိဓမ္မာသင်္ဂြိုဟ် ၉ ပိုင်းသည် သီဟိုဠ်ဆရာတော် အရှင်အနုရုဒ္ဓါမထေရ် ရေးသားပူဇော်ခဲ့သော အစီအစဉ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော အဘိဓမ္မာတရားကို လင်္ကာနည်းဖြင့် စတင်ဖော်စပ်ရေးသားခဲ့သောဆရာတော်သည် လယ်တီဆရာတော်ကြီးဖြစ်ပြီး ဇယားနည်းဖြင့် ပြန်လည်ပြုစုရေးသားခဲ့သူမှာ ခင်ဦးတောရ မူလပဋ္ဌာန်းဆရာတော် ဦးနာရဒဖြစ်ကြောင်း မှတ်သားမိပါသည်။

**အဘိဓမ္မာကိုသင်ကြားနာယူခွင့်ရ၍ သာသနာတော်ကြီးအဓွန့်ရှည်ပါစေ**

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဟု ဆိုလေတော့ ဘယ်အရာသည် မကောင်းဘူးလဲ၊ ဘယ်အရာသည် ကောင်းသလဲဆိုသည်ကို လူကောင်းတစ်ယောက်ဖြစ်ချင်သူအတွက် သိကိုသိရပါမည်။ "သိ"အောင် "သင်"ရမည်၊"နာ"ရမည်။ သိမှ "ကျင့်" နိုင်ပါမည်။ ကျင့်မှလည်း "ရ"ပါမည်။ အဘိဓမ္မာတရားကို အနိမ့်ဆုံးနာယူဖူးသော လင်းနို့သားများပင် နတ်သားများ အကြိမ်ကြိမ်ဖြစ်ကာ ရဟန္တာများဖြစ်ကြရပြီး အပါယ်မလားဘဲ အိုနာသေဘေးမှ လွတ်ကြသည်မှာ သက်သေပင်ဖြစ်သည်။

ယခုအချိန်ကာလသည် သာသနာတော်အဓွန့်ရှည်တည်တံ့ပြန့်ပွားရန်နှင့် ခိုင်ခိုင်မာမာ ကာကွယ်စောင့်ရှောက်ရန်အတွက် ဗုဒ္ဓဘာသာဝင်တိုင်းတွင် တာဝန်ရှိနေပါသည်။ မမြဲသောတရားဖြစ်၍ ကွယ်ပနိုင်သော်လည်း ပိဋကတ်သုံးပုံအပါအဝင် သာသနာသုံးရပ်မကွယ်ပျောက်အောင် အစဉ်အဆက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်သာဖြစ်ပါသည်။ အဘိဓမ္မာသင်ကြားခြင်းသည် ဗုဒ္ဓ၏အဆုံးအမများကို လက်ဆင့်ကမ်းသယ်ဆောင်ခြင်းပင်ဖြစ်သည်။ အဘိဓမ္မာပညာသင်ကြားပြီးသည့်အခါ မိမိတို့ခန္ဓာကို အဘိဓမ္မာအသိဖြင့်တိုက်ဆိုင်၍ ဆင်ခြင်ကျင့်ကြံနေထိုင်သွားနိုင်တော့မည်ဖြစ်သည်။ ခန္ဓာမှလာသောတရားကို ခန္ဓာဖြင့်ပြန်တိုက်ခြင်းပင်ဖြစ်၍ တရားစာသင်ကြားနေချိန်သည် တရားကိုပူဇော်နေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာ တရားတော်များကို စနစ်တကျ လေ့လာသင်ကြားနာယူပူဇော်၍ ကျွန်တော်တို့၏ ဘာသာသာသနာကို ကျေးဇူးအထူးဆပ်ကြပါရန် အားပေးတိုက်တွန်းလိုပါသည်။

**အဘိဓမ္မာပညာမှ ရရှိလာမည့်အသိတရားများ**

သို့ဆိုလျှင် အဘိဓမ္မာတရားသင်ကြားနာယူခြင်းမှ မည်သည့်အသိတရားများ ရရှိ၍ မည်သည့်အကျိုးများဖြစ်ထွန်းပါမည်နည်း။ အရှင်အနုရုဒ္ဓါမထေရ် ရေးသားခဲ့သော သင်္ဂြိုဟ် ၉ ပိုင်းသည် အဘိဓမ္မာကျမ်းကြီး ခုနစ်ကျမ်း၏ အနှစ်ချုပ်ပင်ဖြစ်သည်။

ပထမဆင့် သင်္ဂြိုဟ် သုံးပိုင်းတွင် စိတ်၊ စေတသိက်နှင့် ပကိဏ်းပိုင်းဟူ၍ သုံးပိုင်းပါဝင်သည်။ ပထမဆင့်စတင်သည်နှင့် စိတ်အကြောင်းကို သိခွင့်ရတော့မည်။ **စာမျက်နှာ ၇ သို့** ✣

# မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် စည်ကား

**မန္တလေး အောက်တိုဘာ ၂၀** ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာ အခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများ၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း ခဲဖွယ် ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေး ပြည်သူများသည် ဒေသ၏ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဘုရားဂေါပကတာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း ဆက်ကပ်လှူဒါန်းကြသည့်အပြင် မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရားများနှင့် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတော်များသို့ လှည့်လည်သွားရောက်၍ ကုသိုလ်ပြုဆုတောင်းသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာ ပွားများနေကြသူများကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ဆွမ်းဆန်တော် လောင်းလှူပူဇော်ခြင်း၊ ဓမ္မစကြာရွတ်ဆိုခြင်း၊ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးများအား ကန်တော့ခြင်း စသည့်ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပြီး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းကြစေကြောင်း ဆုမွန်ကောင်းများ တောင်း၍ မေတ္တာပို့သကြသည်။

ထို့နောက် သီတင်းကျွတ်လပြည့်ညပိုင်းတွင်လည်း မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်ပေါ်နှင့် ကျောက် တော် ကြီးဘုရားတို့တွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းညှိ ပူဇော်ပွဲများကို ကျင်းပကြသည့်အပြင် နေအိမ်အသီးသီးတွင်လည်း ရောင်စုံဆီမီးများ ထွန်းညှိပူဇော်ကာ ရိုးရာယဉ်ကျေးမှုဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



မန္တလေးမြို့ ကျောက်တော်ကြီးဘုရားတွင် ဘုရားဖူးလာပြည်သူများကို တွေ့ရစဉ်။




မန္တလေးတောင်ပေါ်တွင် ဘုရားဖူးလာပြည်သူများကို တွေ့ရစဉ်။



ကုသိုလ်တော်ဘုရားတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

✥ စာမျက်နှာ ၆ မှ

အာရုံကိုရအောင်ယူခြင်းဖြင့် သိတတ်သောစိတ်၏ သဘောသဘာဝနှင့်အတူ ဘယ်စိတ်များက အကုသိုလ်စိတ်၊ ဘယ်စိတ်များက ကုသိုလ်စိတ်ဟူ၍ သိရပေတော့မည်။ စိတ်အားလုံးပေါင်း အကျဉ်း-၈၉၊ အကျယ်-၁၂၁ ပါးရှိပြီး လောဘ၊ ဒေါသ၊ မောဟ စသည့် အကုသိုလ်စိတ်က ၁၂ ပါး၊ ကုသိုလ်စိတ်က ၂၁ ပါး စသည်ဖြင့် အရေအတွက်အတိအကျ သိရတော့မည်။ ပါဠိလိုလည်းသိရ၊ အနက်လည်းသိရ၊ ဂဏန်းအရေအတွက်အတိအကျဖြင့်လည်း သရုပ်ခွဲ၍ လေ့လာခွင့်ရပါတော့မည်။ လောကီကံတွေကြောင့် ဖြစ်နေရသော လောကီစိတ်၊ လောကမှ လွတ်မြောက်သွားသော လောကုတ္တရာကုသိုလ်စိတ်များကိုလည်း သိရှိလာပါလိမ့်မည်။

စိတ်အကြောင်းကို အသေးစိတ်သိရသည့်နည်းတူ ၎င်းစိတ်နှင့်ယှဉ်ပြီး ထိုစိတ်ကိုပင် ခြယ်လှယ်နေသော စေတသိက် ၅၂ ပါးကိုလည်း လေ့လာခွင့်ရပါလိမ့်မည်။ စိတ်ကအာရုံကို သိတာပဲဖြစ်သည်။ ခြယ်လှယ်နေသော စေတသိက်များကြောင့်သာ စိတ်အရောင်ပြောင်းရပြီး ကုသိုလ်စိတ်အကုသိုလ်စိတ်တို့ဖြစ်ရကြောင်းနှင့် ဖဿ ဝေဒနာဝိတက်ဝိစာရမောဟ ဒိဋ္ဌိဥဒ္ဓစ္စ ကုက္ကုစ္စ စသည့် ကုသိုလ်၊ အကုသိုလ်စေတသိက်များ၏ အဓိပ္ပာယ်များကိုလည်း အသေအချာသိလာရပါမည်။

ထိုစိတ်စေတသိက်တို့ကိုပင် ရောရော ပြွမ်းပြွမ်းပြလိုက်ပါက ပကိဏ်းဖြစ်သွားသည်။ ဘယ်လိုရောပြွမ်းပြလိုက်ပါသလဲ။ ဝေဒနာအလိုက်၊ ဟိတ်အလိုက်၊ စိတ်တို့ဆောင်ရွက်ရသည့် ကိစ္စများအလိုက်၊ အာရုံများဝင်ရောက်ရာ ဒွါရတံခါးပေါက်များအလိုက်၊ အာရုံအလိုက်၊ စိတ်တို့တည်မှီရာ ဝတ္ထုများအလိုက် ရောပြွမ်းပြလိုက်ခြင်းဖြစ်သဖြင့် ပကိဏ်းနှင့်ပတ်သက်၍ နားလည်သဘောပေါက်သွားရပါတော့သည်။

ဒုတိယဆင့် သင်္ဂြိုဟ် သုံးပိုင်းတွင် ဝီထိ၊ ဝီထိမုတ် ( ဘုံ ) ပိုင်းနှင့် ရုပ်ပိုင်းသင်ခန်းစားများပါဝင်ပါသည်။ အာရုံနှင့်ဒွါရတိုက်မှဖြစ်သော ဝီထိဟုခေါ်ဆိုသည့် စိတ်အစဉ်အတန်းများအကြောင်းကိုလည်း ဝီထိပိုင်းတွင်သင်ရပါသည်။ စိတ်ဆိုတာ စိတ်အစဉ်အတန်း တစ်ခုနှင့်တစ်ခုမကျော်ဘဲ ဖြစ်နေတာပါလား ဆိုသည်ကို သိရသည့်အပြင် စိတ်တို့၏အသက်ကိုလည်း လေ့လာခွင့်ရပါသည်။ ကာမဇောနှင့် လောကုတ္တရာဇောများအကြောင်း သိရပြီး ဒွိဟိတ်၊ တိဟိတ်ပုဂ္ဂိုလ်များ၊ ထိုပုဂ္ဂိုလ်များအလိုက်ဖြစ်သော စိတ်များ၊ ဘုံအလိုက်ဖြစ်သောစိတ်များနှင့် ပတ်သက်၍လည်း ဤအပိုင်းတွင်လေ့လာခွင့်ရပါသည်။

ဘုံဌာနပိုင်း ကံပိုင်းရောက်လျှင်တော့ မိမိဘဝလည်းပြောင်းလဲသွားနိုင်ပါသည်။ ၃၁ ဘုံအကြောင်း၊ ကံပေါ်မူတည်၍ ပြောင်းလဲနေသောဘဝများ၊ ကံနှင့်ကံ၏ သဘာဝကိုလည်းသိခွင့်ရသလို အတိတ်ကံ၏အကျိုးပေးသောသဘာဝကိုလည်း လေ့လာခွင့်ရပါသည်။ ဘုံပိုင်းကပေးသောအသိတရားကြောင့် ကောင်းမှုမကောင်းမှုကို ဉာဏ်ဖြင့်ဖြတ်နိုင်ပေတော့မည်။ ထို့အပြင်သတ္တဝါတို့ ပဋိသန္ဓေနေပုံ၊ စုတိစိတ်ဖြစ်ပုံများကိုလည်း ဤဘုံပိုင်းတွင် လေ့လာခွင့်ရပါလိမ့်မည်။

ရုပ်ပိုင်းသင်ခန်းစာတွင်မူ ရုပ် ၂၈ မျိုး အကြောင်းနှင့် ရုပ်ကိုဖြစ်စေသော ကံ စိတ် ဥတု အာဟာရ အကြောင်းတရားများကို သင်ခွင့်ရပေမည်။ ရုပ်ဖြစ်ကြောင်း အကြောင်းတရားများသိရလျှင် အကျိုးဖြစ်သော မိမိ၏ရုပ်ကြီးကို မိမိကိုယ်တိုင် ပြုပြင်တတ်လာပါလိမ့်မည်။ ရုပ်တို့၏ ဖြစ်ပုံပျက်ပုံများကို ကာလအလိုက်သိခွင့်ရပြီး နိဗ္ဗာန်နှင့်ပတ်သက်၍လည်း ဤအပိုင်းတွင် အသေးစိတ်သိလာရပါလိမ့်မည်။

တတိယဆင့် သင်္ဂြိုဟ် သုံးပိုင်းတွင်မူ သမုစ္စည်း၊ ပစ္စည်းနှင့် ကမ္မဋ္ဌာန်းပိုင်းများ ပါဝင်ပါသည်။ ပရမတ္ထတရားများကို သဘောတူရာချင်း စုစည်းပြသည့် သမုစ္စည်းအပိုင်းတွင် အာသဝေါတရားများ၊ နီဝရဏတရားများ၊ ဥပါဒါန်တရားများ၊ ဗိုလ်အကြောင်း၊ ဣန္ဒြေအကြောင်းစသည် သိခွင့်ရပြီး သစ္စာတရား လေးပါးတရားသည်လည်း ဤအပိုင်းတွင်ပါဝင်ပါသည်။

ပစ္စည်းပိုင်းသင်ခန်းစာတွင်မူ ရုပ်နာမ်တို့၏ အကြောင်းတရားနှင့် အကျိုးတရားများကို ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းများဖြင့် စုပေါင်းပြထားသည်ကို လေ့လာခွင့်ရပါမည်။

သာသနာ သုံးပါး၊ သိက္ခာ သုံးပါး စသည်တို့ ပါဝင်သည့်ကမ္မဋ္ဌာန်းပိုင်းတွင်မူ သမထဘာဝနာနှင့် ဝိပဿနာဘာဝနာကွဲပြားပုံကို သေချာစွာသိခွင့်ရပါမည်။ စရိုက်အလိုက် သမထကမ္မဋ္ဌာန်း အပါး ၄၀-နှင့်တကွ နိမိတ်များအကြောင်း၊ ဈာန်များအကြောင်းကိုလည်း သိလာရမည်ဖြစ်ပြီး ဝိပဿနာဉာဏ် ၁၀ ပါးဖြစ်ပုံနှင့်တကွ အရိယာပုဂ္ဂိုလ်များနှင့် ပတ်သက်၍လည်း ဤအပိုင်းတွင် ရှင်းလင်းစွာ ပြသထားပါလိမ့်မည်။

ယနေ့အဘိဓမ္မာပညာ သင်္ဂြိုဟ် ၉ ပိုင်းကို ပါဠိများစွာမပါဘဲ မြန်မာလို လူပုဂ္ဂိုလ်တို့ အခက်အခဲမရှိ လွယ်လွယ်ကူကူ သင်ခွင့်ရနေသည်မှာ ကုသိုလ်ထူးလှပါ၍ ဗုဒ္ဓဘာသာဝင်အားလုံးကို စားကောင်းသောက်ကောင်းပမာ အရသာကောင်းတစ်ခုကို မြည်းစမ်းခွင့်ရစေချင်ပါသည်။ ကိုရင်၊ သာမဏေ၊ ရှင်ရဟန်းတို့ကား ပါဠိလိုသင်ကြားကျက်မှတ်ရသည်။ ဗုဒ္ဓအဘိဓမ္မာသူတော်ကောင်းတရားက လူသားများကို နေတတ်ထိုင်တတ်ရန်လည်း သင်ပေးသလို သေတတ်ရန်လည်းသင်ပေးသည်ကို သိစေချင်လှပါသည်။ အားလုံးကို ချမ်းသာစေချင်ပါသည်။

သေရမည်ကိုကြောက်သောသူများအတွက် ရလာသောအသိမှ မြတ်သောအကျင့်ကို ကျင့်ခြင်းဖြင့် သေရမည်ကိုမကြောက်တော့သည့်အဖြစ်ကို ရောက်ရှိစေချင်သည့်စေတနာ အဓိကဖြစ်ပါသည်။ သံသရာဆွေမျိုးများပမာ ကျေးဇူးပြုလို၍ သာသနာနှင့် ဆုံခိုက်၊ လူ့ဘဝရခိုက်၊ အသက်ရှည်ကျန်းမာခိုက်တွင် ဤအဘိဓမ္မာ မြတ်ဒေသနာကို မနေ့အမြန်နာယူပူဇော်နိုင်ကြပါရန် အထူးတိုက်တွန်းလိုက်ရပါသည်။ ။

**“အိုနာသေမှလွတ်နိုင်သည့် မဂ်ဖိုလ်နိဗ္ဗာန်လမ်းသို့ ချီတက်နိုင်ကြပါစေ”**

## ကျောင်းကုန်းမြို့နယ်တွင် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဆီမီးတစ်ထောင်ပူဇော်

**ကျောင်းကုန်း အောက်တိုဘာ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မျက်ရှင်တော်ပြည်လုံးချမ်းသာ ဘုရားကြီး၌ ယမန်နေ့ (သီတင်းကျွတ်အဖိတ်နေ့) ညနေပိုင်းက ဆွမ်းတော်ကြီးကပ်လှူကြပြီး ညပိုင်းတွင် ဆီမီးတစ်ထောင် ပူဇော်ခဲ့ကြသည်။

အလားတူ အမှတ်(၁) ရပ်ကွက် မိုယ်းကောင်းဘုရားတန်ဆောင်းကြီးတွင်လည်းကောင်း၊ အမှတ်(၂) ရပ်ကွက် ဓမ္မနန္ဒာကျောင်း ရွှေဘုန်းပွင့်စေတီတွင်လည်းကောင်း၊ အမှတ်(၄) ရပ်ကွက် အမတရောင်ခြည်ဘုရားဖြူကျောင်းတွင်လည်းကောင်း အသီးသီး ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆီမီးတစ်ထောင် ပူဇော်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





## မကွေးမြို့ မြသလွန်ဘုရား၌ ဘုရားဖူးပြည်သူများပြား

**မကွေး အောက်တိုဘာ ၂၀**
မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်ဘုရားတွင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဘုရားဖူးပြည်သူများနှင့် ကုသိုလ်အလှူ ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

မကွေးမြသလွန်ဘုရားသို့ ဘုရားဖူးမြော်ကြည်ညိုရန် ရောက်ရှိလာသူများနှင့် ကုသိုလ်ပြုလုပ်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ပြုနိုင်ရေးတို့အတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

## ရှေးဟောင်းသမိုင်းဝင် အထင်ကရဘုရားများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**ပခုက္ကူ အောက်တိုဘာ ၂၀**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိအထင်ကရရှေးဟောင်းသမိုင်းဝင်ဘုရားများ ပြန်လည်ဖွင့်လှစ်ပြီး သီတင်းကျွတ် ကာလအတွင်း ဘုရားအတွင်းသို့ ဝင်ရောက်ဖူးမြော်ခွင့်ပြုထားရာ ယနေ့ (သီတင်းကျွတ်လပြည့်နေ့) နံနက်ပိုင်းတွင် ဘုရားလာရောက်ဖူးမြော်ကြသည့် ပြည်သူများဖြင့် စည်ကားလျက် ရှိသည်။

အဆိုပါ ဘုရားဖူးလာရောက်ကြသော ရဟန်းရှင်လူပြည်သူများသည် စုပေါင်းလာရောက်ကြခြင်းဖြစ်ပြီး ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၊ ရွှေကူမြတ်စွာဘုရားကြီး၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောဘုရား စသည့် အထင်ကရရှေးဟောင်းသမိုင်းဝင်ဘုရားများအား သွားရောက်ဖူးမြော်ခြင်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်းများဖြင့် အသီးသီး ကုသိုလ်ယူကြသည်။

**လက်ဆောင်ပစ္စည်းဝယ်ယူ**

ထို့အပြင် ရှေးဟောင်းသမိုင်းဝင်ဘုရားကြီးအတွင်း ရောင်းချသော အစားအသောက်များအား ဝယ်ယူစားသောက်အနားယူခြင်း၊ အလှဓာတ်ပုံများ ရိုက်ကူးခြင်း၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**





## အဘိဓမ္မာအခါတော်နေ့တွင် ဘုရား၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်းကားလျက်ရှိ

**မင်းပြား အောက်တိုဘာ ၂၀**
ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ အဘိဓမ္မာအခါတော်နေ့ (သီတင်းကျွတ်လပြည့်နေ့) တွင် ဘုရား၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးသူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

မင်းပြားမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လျှာတော်ဓာတ်ကိန်းဝပ် စံပယ်တော်မူသည့် ကျိန်းတောင် (ဇီဝှါ) ဓာတ်တော်အား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရန် မင်းပြားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ မင်းပြားမြို့နယ်ရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့ အစည်းများက ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရန် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သိန်းနုအောင်**

## သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း ငွေဆောင်ကမ်းခြေတွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**ငွေဆောင် အောက်တိုဘာ ၂၀**
ကိုဗစ်-၁၉ရောဂါကြောင့် ပိတ်ထားရာမှ ကျန်းမာရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များနှင့်အညီ မတ် ၂၃ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့သည့် ငွေဆောင်ကမ်းခြေတွင် သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ငွေဆောင်ကမ်းခြေသည် သဲသောင်ပြင်သန့်ရှင်းခြင်းနှင့်ပင်လယ်ရေကြည်လင်ခြင်းတို့ကြောင့် ပင်လယ်ရေစိမ်ခြင်း၊ ရေကူးခြင်းဖြင့် အနားယူရန် နေရာကောင်းဖြစ်၍ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအထူးစိတ်ဝင်စားသောနေရာတစ်ခုဖြစ်သည်။

ငွေဆောင်ကမ်းခြေမှတစ်ဆင့် အနီးဝန်းကျင်ရှိ မြွေကျွန်း၊ ချစ်သူများကျွန်း၊ ငှက်ကျွန်း၊ ကျွန်းလျားရှည်၊ ဆင်မကျွန်းနှင့် ဘုရားသုံးဆူ၊ မိုးမခဆင်စခန်းများသို့ သွားရောက်လည်ပတ်နိုင်သည်။

ငွေဆောင်ကမ်းခြေတွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဟိုတယ်အလုံး ၃၀ နှင့် တည်းခိုခန်း ၇၀ တို့ကို ဖွင့်လှစ်ထားရှိကြောင်း၊ မတ် ၂၃ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဟိုတယ်များသို့ ဝင်ရောက်သည့် ခရီးသွားဧည့်သည်မှာ ၃၅၀၀၀ ခန့်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ငွေဆောင်ရုံးခွဲ တာဝန်ခံ ဦးစီးအရာရှိ ဦးဌေးအောင်ထံမှ သိရသည်။

**မူမူ( ငွေဆောင်)**



# အဘရာကျော် ခာတ်ပန္နက် ရွှေလဝင်းစေတီတော် ရွှေထီးတော်တင်လှူပူဇော်

**နေပြည်တော် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး)ဝင်းအတွင်း၌ တည်ထားကိုးကွယ်တော်မူသော အဘရာကျော်ခာတ်ပန္နက် ရွှေလဝင်းစေတီတော် ရွှေထီးတော်တင်လှူ ပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘုရားကြီး၌ ပြုလုပ်ရာ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဇာနေယျ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပင့်ဆောင်တင်လှူ**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များထံမှ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်ဘုံအဆင့်ဆင့်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

အဆိုပါ စေတီတော်အား ၁၉၄၅ ခုနှစ်တွင် ဗောဓိပက္ခိယမဟာ ပထမံဓမ္မစေတီ၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ၊ သိဒ္ဓိ မဟိဒ္ဓိ ရှင်သဒ္ဓမ္မဒေဝကိတ္တိရကျော် ဆရာတော်ကြီးသည် မင်းဓမ္မကုန်းတော်ပေါ်၌ သာသနာ့ခာတ်ပန္နက်စိုက်ထူကာ ရွှေလဝင်းခာတ်ပန္နက်တစ်တောင် တစ်မိုက်စေတီကို တည်ခဲ့သည်။ ယင်းစေတီတော်အား အလှူရှင်အသီးသီးက အဆင့်ဆင့်မွမ်းမံခဲ့ရာ ထီးတော်သုံးဆက် အဆင့်သုံးဆင့်ရှိခဲ့သည့်အတိုင်း ပထမ၊ ဒုတိယ ထီးတော်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် တင်လှူခဲ့ပြီး နောက်ဆုံးအထွတ်ထီးတော်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် တင်လှူခဲ့ကာ ယနေ့တွင် ရွှေထီးတော်အသစ်ကို ထပ်မံတင်လှူအနေကဇာတင် ဆင်ယင်ပြီး ရေစက်သွန်းလောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ အဘရာကျော်ခာတ်ပန္နက်တင် ရွှေလဝင်းစေတီတော်အား စိန်ဖူးတော် တင်လှူပူဇော်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်း တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်၌ ပုရိမဝါမှထမြောက်ကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်နှင့် ပစ္စည်းလေးပါး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူစဉ်။

# ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်၌ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များအား ပဝါရဏာပစ္စည်းလေးပါး လောင်းလှူပူဇော်ပွဲ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓ တက္ကသိုလ်၌ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များအား ပဝါရဏာပစ္စည်းလေးပါး လောင်းလှူပူဇော်ပွဲကို ယနေ့တွင် ပြုလုပ်ရာ ပုရိမဝါမှထမြောက်ကြကုန်သော တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်နှင့် သာသနာ့သိပ္ပံ သာမဏေကျော်စာသင်တိုက်တို့တွင် ဝါဆိုဝါကပ်သီတင်းသုံးတော်မူကြသည့် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတိက္ခသာရ အမှူးပြုသော သံဃာတော် အပါး ၃၀၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များက ပုရိမဝါမှ ထမြောက်ကြကုန်သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်နှင့် ပစ္စည်းလေးပါးလှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။ ထို့နောက် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ် ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာရှိ သဲအင်းဂူတောရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ YGW မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းနှင့် ဟိုင်းကြီးကျွန်းမြို့ သီရိမင်္ဂလာမိုးကုတ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ခန္တီးမြို့နယ် ဖားမောင်ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒာရာမပရိယတ္တိစာသင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ဓာတ်အားပြတ်တောက်မှု ကြိုတင်ကာကွယ်ရေးအတွက် ဓာတ်အားခွဲရုံများအား စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း မြောက်ပိုင်းခရိုင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာသည် ဓာတ်အားခွဲရုံများအတွင်းရှိ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများအပြစ်ဖြစ်၍ ဓာတ်အားပြတ်တောက်မှု၊ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ Over Load ကြောင့်ဓာတ်အားပြတ်တောက်မှုများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယမန်နေ့တွင် မှော်ဘီမြို့နယ်အတွင်းရှိ (၃၃/ ၁၁) ကေဗွီ (၂၀ +၁၀)အမ်ဗွီအေ၊ ကြက်ဖြူကန်ဓာတ်အားခွဲရုံနှင့် (၃၃/၁၁)ကေဗွီ(၅) အမ်ဗွီအေ ရေကျော်ဓာတ်အားခွဲရုံများသို့သွားရောက်ပြီး ခွဲရုံအဆောက်အအုံနှင့် Switch Gear Panel များ၏ ကြံ့ခိုင်မှုနှင့် အများပြည်သူသို့ ဓာတ်အားပေးထားသော(၁၁)ကေဗွီ ဓာတ်အားလိုင်းများ ဝန်အားနိုင်နင်းမှု ရှိ၊ မရှိတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သက်ရှိကမ္ဘာ
ရှင်သန်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့

# လစ်ဘရယ်လှိုင်းအပုတ်မှာ တိမ်မြုပ်စပြုလာသည့် ရိုးရာဓလေ့စံနှုန်းများ

စာချစ်သူ

**လက်ဖက်ရည်ဆိုင်ထဲမှာ ချစ်သူစုံတွဲတစ်တွဲ နဖူးလေးကိုနမ်းလိုက်၊ ပါးလေးကိုတို့ထိလိုက်နှင့် ပတ်ဝန်းကျင်ကို သူတို့မေ့လျော့နေသည်။ တစ်ဝိုင်းတည်းထိုင်နေသည့် လူငယ်ကောင်လေးများကလည်း သူတို့စုံတွဲကို ဂရုမထား၊ ဂိမ်းကစားမပျက် ရှိလို့နေသည်။ အတိတ်မြင်ကွင်းပုံရိပ်တို့က တဖျပ်ဖျပ်ထင်ဟပ်လာသည်။ ဆရာမကြီး လူထုဒေါ်အမာက "ကျွန်မတို့ငယ်ငယ်တုန်းက" စာပဒေသာ ပေလွှာဖွဲ့နွဲ့ခဲ့သလို ကျွန်တော်တို့ ငယ်ငယ်တုန်းက ချစ်မှုရေးရာ နှလုံးသားကိစ္စများကို ပြန်ပြောင်းသတိရလာသည်။**

ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ် ၁၉၈၀ ကျော်လွန်နှစ်များက ချစ်သူရည်းစားရဖို့အရေး လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင်ဖြစ်မတတ် အတော့်ကို ပိုးရပန်းရသည်။ ဆရာမောင်ပန်းမွှေး၏–

"ဒို့မလာအား၊ ဒို့ကိုယ်စား၊ ပန်းကလေးများ ပို့လိုက်တယ်။"

"ခင်မင်ကြင်နာ၊ အောက်မေ့တာကို၊ သည်စာလေးက သက်သေပဲ။" စသဖြင့် ချစ်ခြင်းဖွဲ့ကဗျာတိုလေးများနှင့်အတူ ပန်းချီကားလှလှလေးများ ရိုက်နှိပ်ဖော်ပြထားသော ချစ်သဝဏ်လွှာ စာလွှာလေးများပါးဖို့အရေး လူက ကတုန်ကယင်။

"သိပ်ပျော်လိုက်တာ၊ ရင်တောင်တုန်တယ်၊ ပြန်စာပြန်စာ သူလေးကပေးလာ" ဆိုသည့်နှယ် ချစ်ဦးသူထံမှ ချစ်အဖြေလွှာပြန်စာရပြန်တော့လည်း ယခုလို လူတောထဲမှာ နဖူးလေး၊ ပါးလေးကို တို့ထိဖို့ဝေးစွ လူချင်းပင် မမြင်၊ မတွေ့ရ။ အပြန်အလှန် စာလွှာပါးနေရရုံဖြင့် ကြည်နူးပျော်ရွှင်ခြင်းများစွာ ဖြစ်ကြရပါသည်။

စိတ်ကူးတို့သည် အတိတ်နေ့ရက်များဆီမှ ပစ္စုပ္ပန်ကာလသို့ ပြန်လည်ကူးပြောင်း ရောက်ရှိလာပြန်သည်။ ဘေးစားပွဲဝိုင်းမှ လူငယ်လေးတစ်ဦး ခုံလွတ်တစ်ခုပေါ် ခြေထောက်တင်၍ ဂိမ်းကစားလို့ကောင်းနေသည်။ သူ့ခြေထောက်တို့က မျက်နှာချင်းဆိုင်မှာထိုင်နေသည့် ကျွန်တော့်မျက်နှာတည့်တည့်မှာ ဝဲလို့။

ခေတ်လူငယ်တို့၏ သဘောသဘာဝနှင့် လွတ်လပ်မှုကို ကျွန်တော်တို့ နားလည်ပါ၏။ သူတို့ မျိုးဆက်က လစ်ဘရယ်ခေတ်မှာ ကြီးပြင်းလာကြသူတွေ။ လွတ်လပ်မှုကိုသာ အလေးထားကြသူတွေ။ ကျွန်တော်တို့က ကွန်ဆာဗေးတစ် လူမှုအသိုက်အဝန်းခေတ်မှာ ကြီးပြင်းလာသူတွေ။ အစဉ်အလာကိုဖက်တွယ်တတ်သည့် ရှေးရိုးဆန်သူများဖြစ်ကြသည်။

**မိဘဆရာသမားတို့၏ အရိပ်က လွှမ်းမိုးထား**

မျိုးဆက်အလိုက် ကွာဟမှုနှင့် ခေတ်ကာလအလျောက် ပြောင်းလဲမှုများကား များစွာကွာခြားသွားခဲ့ပြီ။ ကျွန်တော်တို့ငယ်စဉ် ၁၉၇၀၊ ၈၀ ကျော်လွန်နှစ်များက မိဘ၊ ဆရာသမားတို့၏ အရိပ်က အရာရာကို လွှမ်းမိုးထားသည်။

"လူကြီးရှေ့မှာ ခေါင်းငုံ့သွား။ တစ်ခုခုပေးရင် လက်နှစ်ဖက်နဲ့ ရိုရိုသေသေပေး။ စကားပြောရင် ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့ရှင့်လို့ပြော။ မသိဘူး၊ မရှိဘူး တုံးတိမပြောရဘူး။ မသိပါဘူးခင်ဗျာ၊ မရှိပါဘူးရှင့်လို့ 'ပါ'ကို ထည့်ပြော" စသဖြင့် မိဘများက ကိုယ့်သားသမီး လိမ္မာယဉ်ကျေးရှိစေဖို့၊ လူဆိုးလူပေမဖြစ်စေဖို့၊ ရုံးရောက် ဂတ်ရောက်မဖြစ်ဖို့၊ ဘိန်းစား၊ အရက်သမားမဖြစ်စေဖို့ ကြက်ကောင်းကြိုးမကွာ၊ ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက် မွေးမြူကြ၏။

ရပ်မိရပ်ဖ လူကြီးများကလည်း သူ့သားသမီး၊ ကိုယ့်သားသမီးရယ်လို့ မခွဲခြား။ အမြင်မတော်တာတွေ့လျှင် ဆိုဆုံးမတတ်သည်။ ကျွန်တော်တို့မှာ ကလေးဘဝ ဆော့ကစားရာမှာပင် လူကြီးများ၏ အရိပ်အကဲကိုကြည့်ကြရသည်။ ဘောလုံးကန်လျှင် ဖုန်ထမည်စိုး၍ မြေကြီးကိုရေဖြင့် အရင်ပက်ဖျန်းကြရသည်။ တစ်ခါတလေ ကစားချင်ဇောဖြင့် ရေမဖျန်းမိပါက နီးရာအိမ်မှ လူကြီးတစ်ဦးက ထွက်အော်သည်။ ဘောလုံးကို သိမ်းဆည်းထားပြီး ရေဖျန်းပြီးမှ ပြန်ထုတ်ပေးပါသည်။

လေးခွတစ်လက်ဖြင့် ဟိုပစ်၊ ဒီပစ် ပစ်ပါကလည်း အိမ်ခေါင်မိုးများပေါ် လောက်စာလုံးမကျမိအောင် သတိပြုရသည်။ မတော်တဆ အိမ်ခေါင်မိုးပေါ်ကျပါက အိမ်ရှင်လူကြီးသူမများက "ဘယ်သူ့သား၊ ဘယ်သူ့မောင်မို့လား၊အိမ်လာတိုင်ရမလား"ဟု ဆူပူဆိုဆုံးမသံကြားရပါလိမ့်မည်။ ကျွန်တော်တို့မှာ လူကြီးသူမများကို ပြန်လည်ခွန်းတုံ့ပြန်ဖို့ဝေးစွ၊ မျက်နှာချင်းပင် မဆိုင်ရဲ၍ အိမ်ခေါင်မိုးအပေါ် လောက်စာလုံးကျသံ ကြားသည်နှင့် ဦးအောင်တစ်ချိုးတည်း လစ်ပြေးကြရပါတော့သည်။

**ဓလေ့စံနှုန်းများသည် တိမ်မြုပ်ပျောက်ကွယ်စပြု**

ပစ္စက္ခ လစ်ဘရယ်လှိုင်းအပုတ်မှာတော့ အတိတ်က ဓလေ့စံနှုန်းများသည် တိမ်မြုပ်ပျောက်ကွယ်စပြုလာခဲ့ချေပြီ။ အတိတ်ကလို လူကြီးတွေရဲ့ အရိပ်အကဲကို လူငယ်တွေက ကြည့်နေရသည့်ခေတ် မဟုတ်တော့။ လူငယ်တွေရဲ့ အရိပ်အကဲကို လူကြီးတွေက ပြန်ကြည့်ရသည့်ခေတ် ဖြစ်လာသည်။

အမြင်မတော်၍ သွန်သင်ဆုံးမလိုသည့်တိုင် ယဉ်ကျေးသိမ်မွေ့သူလား၊ ရိုင်းပျတတ်သူလား၊ အစွန်းရောက်သူလား၊ ကိုယ်နှင့်ရင်းနှီးကျွမ်းဝင်သူတွေရဲ့ သား၊ သမီး၊ တူ၊ တူမတွေလား၊ မသိကျွမ်းသူတွေများလား စသဖြင့် ရှေ့ငုံ့နှုတ်ပိတ်ရသည်က များလေသည်။ ထိုသို့ လူကြီးသူမတို့၏ နှုတ်ဆိတ်မှုများ များလာသည်နှင့်အမျှ မြန်မာ့လူ့ဘောင်သည် အပြန်အလှန်ထိန်းကျောင်းမှုဘောင်မှ ကင်းလွတ်၍ အကွပ်မရှိသည့်ကြမ်း ပရမ်းပတာအသွင် ဖြစ်လာသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌လည်း ကြီးစွာသောပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ အထူးသဖြင့် လူမှုကွန်ရက်နည်းပညာ အပြောင်းအလဲများနှင့်အတူ ပါတီစုံဒီမိုကရေစီစနစ် သက်ဝင်လာသည့် ဆယ်စုနှစ်အတွင်း၌ ပြောင်းလဲမှုအရှိန်သည် ပို၍မြန်နှုန်းမြင့်လာသည်။

**ဘက်အမြင်ဘက်အတွေးစံနှုန်းများဖြင့်သာ အကဲဖြတ်**

ဂုဏဝုတ္တိ၊ ဝယဝုတ္တိဟူသော ဂုဏ်အားဖြင့်၊ အသက်အရွယ်အားဖြင့် ကြီးမြင့်သူများကို ရိုသေကိုင်းရှိုင်းခြင်း၊ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားခြင်းဟူသည့် ဓလေ့စံနှုန်းများလည်း ပျောက်ကွယ်သွားလုမတတ် ဖြစ်လာသည်။ အရာရာကို ဘက်အမြင် ဘက်အတွေး၊ နိုင်ငံရေးအတွေးအမြင် စံနှုန်းများဖြင့်သာ ရှုမြင်အကဲဖြတ်လာကြလေသည်။ ကိုယ်နှင့်နိုင်ငံရေးအမြင်၊ သဘောထား ရပ်တည်ချက်မတူလျှင် မတူသလို လူမှုကွန်ရက် စာမျက်နှာထက်တွင် ပုတ်ခတ်စော်ကားရေးသား လာကြသည်။

**ဂုဏဝုတ္တိ၊ ဝယဝုတ္တိဟူသော ဂုဏ်အားဖြင့်၊ အသက်အရွယ်အားဖြင့် ကြီးမြင့်သူများကို ရိုသေကိုင်းရှိုင်းခြင်း၊ ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကိုသနားခြင်းဟူသည့် ဓလေ့စံနှုန်းများလည်း ပျောက်ကွယ်သွားလုမတတ် ဖြစ်လာသည်။ အရာရာကို ဘက်အမြင် ဘက်အတွေး၊ နိုင်ငံရေးအတွေးအမြင် စံနှုန်းများဖြင့်သာ ရှုမြင်အကဲ ဖြတ်လာကြလေသည်။ ကိုယ်နှင့်နိုင်ငံရေးအမြင်၊ သဘောထား ရပ်တည် ချက်မတူလျှင် မတူသလို လူမှုကွန်ရက် စာမျက်နှာထက်တွင် ပုတ်ခတ် စော်ကားရေးသားလာကြ**

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းကာလများတွင်မူ မြန်မာ့လူ့အဖွဲ့အစည်း၏ ဓလေ့ရိုးရာယဉ်ကျေးမှု စံနှုန်းများသည် ကြီးစွာသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့သည်။

အစွန်းရောက်ဝါဒီများသည် မြန်မာ့လူ့အဖွဲ့အစည်းကို ရန်၊ ငါ စည်းခြားလိုက်ကြသည်။ ကိုယ်နှင့်ယုံကြည်ချက်၊ ရပ်တည်ချက်သဘောထားအမြင်မတူသူကို ရန်သူအဖြစ်သတ်မှတ်ပြီး အကြမ်းဖက် လုပ်ကြံသတ်ဖြတ်လာကြသည်။ ဘာသာ သာသနာအပေါ် စော်ကားလာကြသည်။ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတွင် နေလို၊ လလို ထင်ရှားကျော်ကြားသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများကို လူမှုကွန်ရက်စာမျက်နှာထက်တွင် ပုတ်ခတ်စော်ကား ရေးသားလာကြသည်။ ပွင့်လင်းရာသီတွင် ဘုရားဖူးထွက်သူများ၊ ဆရာတော် သံဃာတော်များအား သွားရောက်ဖူးမြော်ကြသူများကို ရှုတ်ချစော်ကားလာကြသည်။ ဘုရားဖူးယာဉ်များကို အကြမ်းဖက်တိုက်ခိုက်ရန်ပင် လှုံ့ဆော်ရေးသားလာကြသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖတ်လိုက်ရသည့် Comment စာကြောင်းတစ်ခုကမူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အနာဂတ်အတွက် ကြီးစွာသော တုန်လှုပ်မှုကို ဖြစ်ပေါ်ခံစားမိလေသည်။ နိုင်ငံရေးနှင့်မဆိုင်သည့် အားကစားသတင်းစာမျက်နှာတစ်ခုတွင် ပေါ်တူဂီလက်ရွေးစင်ဘောလုံးအသင်းမှ နာမည်ကျော် ရော်နယ်ဒိုက ပြိုင်ဘက်လက်ရွေးစင်အသင်းကို သုံးဂိုးဆက်တိုက် ဂိုးသွင်းယူနိုင်သည့်သတင်းကို ရဟန်းသံဃာတော်တစ်ပါးက မရှင်းလင်း၍ "ရော်နယ်ဒိုသွင်းတဲ့ နှစ်ဂိုးအပေါ်က ဘာလုပ်ထားတာလဲ"ဟူ၍ မေးမြန်းခဲ့ရာ လူတစ်ယောက်က "ဘုန်းကြီးကျောင်းမှာ အင်္ဂလိပ်စာ မသင်ရလို့နေမယ်။ P ကိုတောင်မသိတဲ့ သင်္ကန်းခြုံနဲ့ လူသား"ဟူ၍ မဆီမဆိုင် ဝင်ရောက်ရေးသားစော်ကားခဲ့သည်ကို ဖတ်လိုက်ရသည်။

ဆရာတော်က "မပြောတော့ပါဘူးလေ၊ ငရဲကြီးပါတယ်"ဟု သည်းခံစိတ်ဖြင့် ပြန်လည်ဖြေလျှော့ရေးသားခဲ့သည်ကို ထပ်မံဖတ်ရှုမိပြန်၍ စိတ်မကောင်းဖြစ်ခဲ့ရလေသည်။ ဩော် .... လစ်ဘရယ်လှိုင်းအပုတ်မှာ ကျွန်တော်တို့ မြန်မာတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ လုံးပါးပါးပြီး တိမ်မြုပ်လေတော့မလား။

**တွေးပူမိ**

ထိုသောအခါ ကျွန်တော်သည် အတိတ်က မြန်မာ့လူမှုဝန်းကျင်နှင့် မြန်မာ့လူမှုအဖွဲ့အစည်းအပေါ် ပြန်လည်လွမ်း တမ်းတလာမိသည်။ ယဉ်ကျေးပျူငှာသော၊ ရိုးသားဖြူစင်သော မြန်မာလူမျိုးတို့၏ ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ ပွန်းရှပျက်စီး ဆုံးရှုံးသွားမည့်အရေးကိုလည်း တွေးပူမိလေသည်။

မြန်မာလူငယ်မောင်မယ်များ၏ လွတ်လပ်မှုကို အလေးထားမြတ်နိုးတတ်သော သဘောသဘာဝကို ကျွန်တော်တို့ မပိတ်ပင်၊ မတားဆီးလိုပါ။ သို့တစေ အထိန်းအကျောင်းမဲ့ လွတ်လပ်မှုမျိုး၊ လောက၊ ဓမ္မကို ဆန့်ကျင်သွေဖည်သွားမည့်အတွေးအခေါ်မျိုး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လားလားမျှမတူညီသည့် အနောက်တိုင်းယဉ်ကျေးမှုမျိုးကို အားကျအတုယူကြသည့်အဖြစ်မျိုး မဖြစ်ပေါ်လာစေရန် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးက ကျွန်တော်တို့ငယ်စဉ်က လူကြီးများ ဝိုင်းဝန်းထိန်းကျောင်းပေးကြသလို စောင့်ရှောက်မွေးမြူကြရပေမည်။

"ကျွန်တော့်ဘဝက သမီးနှစ်ယောက်ကို မဏ္ဍိုင်ထားရပါတယ်။ သူတို့ကို ဘယ်လို ကမ္ဘာလောကမှာ ထားခဲ့ချင်သလဲ ကျွန်တော်တွေးပါတယ်။ သားသမီးများအတွက် ကျွန်တော်တို့ အားလုံးရဲ့သားသမီး အားလုံးပါပါတယ်။ ကျွန်တော်တို့ခေတ်ထက် ကောင်းတဲ့ကမ္ဘာလောကကို မထားခဲ့နိုင်ဘူးဆိုလျှင်တော့ ကျွန်တော်တို့ဘဝတန်ဖိုး သိပ်မရှိဘူးလို့ ကျွန်တော်နားလည်ထားပါတယ်။ ဖခင်အနေနဲ့၊ မိဘများအနေနဲ့ ဒါဟာ ကျွန်တော်တို့ရဲ့ ပဓာနတာဝန်ပါပဲ"ဟူသည့် ဖခင်များနေ့၌ ရီကာဂိုဘုရားကျောင်းတစ်ခုတွင် သမ္မတ ဘာရက်အိုဘားမား ပြောကြားခဲ့သော မိန့်ခွန်းအပိုင်းအစအချို့ကို ကျွန်တော် သတိရသွားသည်။ ကျွန်တော်တို့ရဲ့ ပဓာနတာဝန်ဟာ ဘာလဲ၊ ကျွန်တော်တို့ သားသမီးများကို ဘယ်ကမ္ဘာလောကမှာ ထားခဲ့ချင်သလဲဟူ၍ ကျွန်တော်လည်း ထိုသို့တွေးတောနေမိပါ၏။ ။

# ရုရှားသမ္မတ ပူတင်က ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်မဟုတ်ဟုဆို




**မော်စကို အောက်တိုဘာ ၂၀**

ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်သည် စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့၌ ကျင်းပမည့် COP26 ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လိမ့်မည်မဟုတ်ကြောင်း ကရင်မလင်က အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါ ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးသို့ ရုရှားသမ္မတပူတင် မတက်ရောက်ရန် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မည်သည့်အကြောင်းပြချက်မျှပေးခဲ့ခြင်းမရှိသော်လည်း ရာသီဥတုပြောင်းလဲမှုသည် ရုရှားနိုင်ငံအတွက် အရေးကြီးသည့် ဦးစားပေးကိစ္စတစ်ရပ်ဖြစ်ကြောင်း ကရင်မလင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားသည်။

ယင်း COP26 ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးကို စကော့တလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ဂလက်စဂိုးမြို့တွင် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်ဖွယ်မရှိ**

အဆိုပါ ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နိုင်ငံခေါင်းဆောင်များအား အပြင်းအထန်တိုက်တွန်းခဲ့ကြောင်းနှင့် ယင်းထိပ်သီးအစည်းအဝေးသို့ ခေါင်းဆောင် ၁၂၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ COP26 ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးသို့ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်လည်း တက်ရောက်ဖွယ်မရှိကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**

**ဘာသာပြန်-အလင်းသစ်**

# ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် သဘောတူပါက မြောက်ကိုရီးယားနိုင်ငံအား အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား ပြောကြား



တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချုန်အီယောင်း

**ဆိုးလ် အောက်တိုဘာ ၂၀**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် သဘောတူပါက ၎င်းအပေါ်ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချုန်အီယောင်းက ယနေ့ ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစွမ်းအင်နှင့် ဒုံးကျည်များ တိုးမြှင့်ထုတ်လုပ်နေမှုကို တားဆီးနိုင်ရန်အတွက် အရေးယူပိတ်ဆို့မှုများ ချမှတ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြုံယမ်းသည် ယမန်နေ့က ရေငုပ်သင်္ဘောပေါ်မှပစ်ခတ်ရသော ဒုံးကျည်တစ်စင်းကို အောင်မြင်စွာပစ်ခတ်ခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ကြေညာခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချုန်အီယောင်းက အထက်ပါအတိုင်း ညှိနှိုင်းမှုများပြုလုပ်ရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားအနေဖြင့် စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းသို့ လာရောက်မည်ဆိုပါက ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု အမေရိကန်နိုင်ငံကလည်း ပြောကြားကြောင်း ချုန်အီယောင်းက ဆိုသည်။ တောင်ကိုရီးယားသမ္မတမွန်ဂျေအင်း၏ ကိုရီးယားစစ်ပွဲ အဆုံးသတ်ကြောင်း ကြေညာရန်အဆိုပြုချက်သည် ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်စတင်ရန် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပြီး ညှိနှိုင်းဆွေးနွေးရန် ယုံကြည်မှုတည်ဆောက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချုန်အီယောင်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားအစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် လူမှုစီးပွားဘဝ ထိခိုက်ခံစားနေရသည့် ပြည်သူများအား ငွေကြေး ဆက်လက်ထောက်ပံ့




**ဖနောင်ပင် အောက်တိုဘာ ၂၀**

ကမ္ဘောဒီးယားအစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် လူမှုစီးပွားဘဝ ထိခိုက်ခံစားနေရသည့် ပြည်သူများအား အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ သုံးလစာအတွက် ထောက်ပံ့ငွေများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဒေါ်လာ ၃၀ ပေးအပ်သွားမည်**

မြို့တော် ဖနောင်ပင်နှင့် ခရိုင်မြို့များရှိ ဆင်းရဲနွမ်းပါးသော ပြည်သူများအား တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀ ပေးအပ်သွားမည်ဖြစ်သည်။ ထို့ပြင် အိမ်ထောင်စုဝင်တစ်ဦးစီလျှင် အမေရိကန်ဒေါ်လာ လေးဒေါ်လာမှ ၁၃ ဒေါ်လာ အကြား ရရှိမည်ဖြစ်သည်။ အသက် ငါးနှစ်အောက်ကလေးငယ်များ၊ မသန်စွမ်းများ၊ ခုခံအား ကျဆင်းရောဂါခံစားနေရသူများ သို့မဟုတ် အသက် ၆၀ နှင့်အထက် အရွယ်ပြည်သူများသည် အမေရိကန်ဒေါ်လာ လေးဒေါ်လာမှ ၁၀ ဒေါ်လာ အကြား ရရှိမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါထောက်ပံ့ရေး အစီအစဉ်အရ ယခုထောက်ပံ့မှုသည် ခုနစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် သိသိသာသာ လျော့ကျလာခဲ့သည်။ လက်ရှိတွင် နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆ ဦးနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၁၂ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၇၂၀၀ ဦးရှိပြီး သေဆုံးသူပေါင်း ၂၆၉၃ ဦးရှိသည်။ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၁၁၆၉၀ ရှိကြောင်း သိရသည်။

**တိုက်တွန်းပြောကြား**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းသည် ရောဂါကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းကို လျော့ကျစေသည့်အတွက် ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ပြည်သူများအား ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က တိုက်တွန်းပြောကြားသည်။

ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ခဲ့ရာ လက်ရှိအချိန်အထိ ပြည်သူ ၁၃ ဒသမ ၆၂ သန်း (နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၁၄ ရာခိုင်နှုန်း)သည် ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၁၂ ဒသမ ၈ သန်း (နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်း) သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေးတတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးသူအရေအတွက် ၁ ဒသမ ၅၁ သန်းရှိသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဒုတိယအသုတ် ယူဂန္ဒာလက်ခံရရှိ

**ကမ်ပါလာ အောက်တိုဘာ ၂၀**

ယူဂန္ဒာနိုင်ငံသည် တရုတ်အစိုးရက လှူဒါန်းထားသည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဒုတိယအသုတ်ကို ယမန်နေ့က လက်ခံရရှိခဲ့ကြောင်း သိရသည်။

ယူဂန္ဒာနိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်ရေးဝန်ကြီး မာဂရက်မူဟန်ဂါက အဆိုပါကာကွယ်ဆေးကို မြို့တော်ကမ်ပါလာမှ တောင်ဘက်ကီလိုမီတာ ၄၀ ခန့်အကွာ အန်တက်ဘီမြို့ရှိ အမျိုးသားဆေးဝါး သိုလှောင်ရုံတွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ပြည်သူများ၏ အသက်ကိုကယ်တင်ရန်နှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ တရုတ်အစိုးရက ယူဂန္ဒာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလှူဒါန်းမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ဝန်ကြီးက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ယူဂန္ဒာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဇန်လီဇောင်က ယူဂန္ဒာနိုင်ငံအတွက် တရုတ် အစိုးရ၏ ကာကွယ်ဆေးလှူဒါန်းမှုသည် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် ၅၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ဖြစ်ပေါ်လာကြောင်း၊ ယင်းလှူဒါန်းမှုသည် လူတိုင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အသိုက်အဝန်းတစ်ခု တည်ဆောက်ရန် တရုတ်နိုင်ငံ၏ ကတိကဝတ်အစိတ်အပိုင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သည့် COVAX အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ လှူဒါန်းသည့်အပြင် ယခုနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ လှူဒါန်းရန်လည်း ကတိကဝတ်ပြုထားကြောင်း သိရသည်။

ယူဂန္ဒာနိုင်ငံသည် တရုတ်အစိုးရက လှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို ယခုနှစ် ဇူလိုင်လက လက်ခံရရှိခဲ့ပြီး လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၆ သန်း ခန့်သုံးစွဲခဲ့ပြီးဖြစ်သည်။

ယူဂန္ဒာနိုင်ငံတွင် ယမန်နှစ် မတ်လက ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၅၂၈၃ ဦးရှိလာပြီး ယင်းတို့အနက် ၃၁၈၇ ဦးသည် အဆိုပါရောဂါဖြင့် သေဆုံးခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါလူနာ ၉၆၃၉၇ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇေယျ**

# နီပေါနိုင်ငံ၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး ၄၈ ဦးသေဆုံး



**ခတ္တမန္ဒူ အောက်တိုဘာ ၂၀**
နီပေါနိုင်ငံ၌ လွန်ခဲ့သည့်သုံးရက်တာကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး ၄၈ ဦးသေဆုံးပြီး ၃၁ ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် မိုးရွာသွန်းမှုများကြောင့် နိုင်ငံတစ်ဝန်းရှိ မြစ်များနှင့် စမ်းချောင်းများ ရေလျှံမှုများဖြစ်ပေါ်ခဲ့ကာ မြေပြိုမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ယနေ့မွန်းလွဲပိုင်းအချိန်အထိ သတင်းထုတ်ပြန်ချက်များအရ ၄၈ ဦး သေဆုံးပြီး ၃၁ ဦးပျောက်ဆုံးလျက်ရှိသည့်အပြင် အခြားသော ၂၃ ဦးသည်လည်း ဒဏ်ရာများရရှိခဲ့ကြောင်း နီပေါနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာနီပိုခါရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထို့ပြင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် သဘာဝဘေးများကြောင့် လယ်မြေကေ ရာပေါင်းများစွာတွင် ရိတ်သိမ်းရန်အသင့်ဖြစ်နေသည့် စပါးများ ပျက်စီးခဲ့ရမှုနှင့်အတူ လူနေအိမ်အလုံး ၂၀ လုံးဝပျက်စီးသွားကြောင်းနှင့် ခရိုင် ၇၇ ခုအနက် ခရိုင် ၂၀ သည် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် သဘာဝဘေးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရကြောင်း ၎င်းကပြောကြားသည်။

လက်ရှိတွင် မိမိတို့အနေဖြင့် ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်နေဆဲဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၆၅၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ အောက်တိုဘာ ၂၀**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၃၆၅၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၇၃၅၃၆၉ ဦး ရှိလာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ငါးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၀၉၇၇ ဦး ရှိလာသည်။

အောက်တိုဘာ ၁၉ ရက်တွင် တွေ့ရှိရသည့် ရောဂါကူးစက်မှု နေ့စဉ်အရေအတွက်သည် ဇူလိုင်၁၃ ရက်မှစလျှင် အနည်းဆုံးဖြစ်သည်။ စက်တင်ဘာ ၁၁ ရက်တွင် ရောဂါကူးစက်ခံရသူ ၂၆၃၀၃ ဦး တွေ့ရှိပြီး နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၂၁ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**






## မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၇၄၅ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၀**
မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၅၇၄၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၀၁၈၆၆ ဦး ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၅၇၃၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ဟမ်အဗ္ဗဒူလာရှ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၆၉ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၂၈၀၆၂ ဦး ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ၈၉၃၃ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၂၈၇၈၈၈ ဦး ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၈၅၉၁၆ ဦး ရှိပြီး ၆၇၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၃၃၀ သည်အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ၏ ၇၇ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၀ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

## သီရိလင်္ကာနိုင်ငံအတွင်းရှိ ပြည်နယ်များ၌ ခရီးသွားလာခြင်းအား အောက်တိုဘာ ၃၁ ရက်အထိ ပိတ်ပင်မည်

**ကိုလံဘို အောက်တိုဘာ ၂၀**
သီရိလင်္ကာနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုများ မြင့်မားလာမည့်အရေးကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံအတွင်းရှိ ပြည်နယ်များ၌ ခရီးသွားလာခြင်းများအား အောက်တိုဘာ ၃၁ ရက်အထိ ပိတ်ပင်ထားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သီရိလင်္ကာသမ္မတဂိုတာဘာယာရာဂျာပတ်ဆာ၏ ညွှန်ကြားချက်အရ ကိုဗစ်–၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရန် နိုင်ငံအတွင်းရှိပြည်နယ်များအကြား ခရီးသွားလာခြင်းကို လက်ရှိအချိန်၌ တားမြစ်ထားခြင်းဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရှေဗန်ဒါဆေးဗားက ပြောကြားသည်။ နိုင်ငံသားများ၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှုသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ရောဂါထိန်းချုပ်ရေးအတွက် အရေးကြီးပြီး ၎င်းစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် တာဝန်မဲ့သော နိုင်ငံသားအချို့ကြောင့် ယခုကဲ့သို့ ခရီးသွားလာခြင်းများအား အချိန်တိုးမြှင့် ပိတ်ပင်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြည်နယ်များရှိ နယ်စပ်ဒေသများ၌လည်း မော်တော်ယာဉ်ဝင်ထွက်မှုများကို သတိထားစောင့်ကြည့်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ညွှန်ကြားထားကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကြောင့် ကိုဗစ်–၁၉ရောဂါ တတိယလှိုင်းကို ကြုံတွေ့နေရသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ရောဂါကူးစက်ခံရသူ ၅၃၂၇၆၆ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၃၅၂၅ ဦးရှိသည်။



**ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ**




# အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ်သို့ လာရောက်လည်ပတ်မည့် ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းဖြေလျှော့မည်



**ဟာဝိုင်အီ အောက်တိုဘာ ၂၀**

အမေရိကန်နိုင်ငံပြည်မမှ ဟာဝိုင်အီပြည်နယ်သို့ လာရောက်လည်ပတ်မည့် ခရီးသည်များအား နိုဝင်ဘာ ၁ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟာဝိုင်အီပြည်နယ်၌ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်ခဲ့သဖြင့် ဟာဝိုင်အီသို့ အရေးတကြီးမလိုအပ်ဘဲ ခရီးသွားလာခြင်းကို ရှောင်ကြဉ်ရန် ဩဂုတ်လနှောင်းပိုင်းက ညွှန်ကြားခဲ့ကြောင်း ဟာဝိုင်အီပြည်နယ်အုပ်ချုပ်ရေးမှူး ဒေးဗစ်အိုင်ဂီက ပြောကြားသည်။

သို့ရာတွင် ပြီးခဲ့သော သီတင်းပတ်များအတွင်းမှစတင်၍ ဟာဝိုင်အီပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကျဆင်းသွားခဲ့သဖြင့် နိုဝင်ဘာလမှစတင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသော ခရီးသည်များအား လာရောက်လည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြည်နယ်အတွင်း လက်ရှိအချိန်၌ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကိုလည်း မြှင့်တင်ပြီးဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဟာဝိုင်အီကျွန်းတွင်နေထိုင်သော ဒေသခံများအနေဖြင့် နိုဝင်ဘာလနှောင်းပိုင်း၌ ကျရောက်မည့် ကျေးဇူးတော်နေ့ အားလပ်ရက်များနှင့် ဒီဇင်ဘာလတွင် ကျရောက်မည့် ခရစ္စမတ်ပွဲတော်ကာလအတွင်း ဟာဝိုင်အီကျွန်းသို့ အမေရိကန်နိုင်ငံပြည်မမှ ခရီးသည်အများအပြား လာရောက်လည်ပတ်မည်ဟု ခန့်မှန်းထားသည်။

နိုဝင်ဘာ ၈ ရက်မှစတင်၍ နိုင်ငံအတွင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသည့် နိုင်ငံခြားသားခရီးသွားများကို ဝင်ရောက်ခွင့်ပြုရန် အမေရိကန်အစိုးရက စီစဉ်ထားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၄၀ ရှိ

**မော်စကို အောက်တိုဘာ ၂၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၄၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၀၆၀၇၅၂ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၁၅ ဦးထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၅၃၂၅ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၃၄၂၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၀၄၀၄၈၀ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၀၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၂၃၈၃၇ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဒေသတွင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ ရုရှားနိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၄၇ ဒသမ ၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၁ သန်း ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၄၆ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း အောက်တိုဘာ ၂၀**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၄၆ ဦးကို ထပ်မံတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတို့အနက် ၃၆၃၅ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်ပြီး ၁၁ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ နိုင်ငံတောင်ပိုင်းတွင် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများအနက် ဟိုချီမင်းစီးတီး၌ ၁၃၄၇ ဦး၊ ဘင်ဒေါင်းခရိုင်၌ ၄၉၂ ဦးနှင့် ဒွန်နိုင်းခရိုင်၌ ၃၀၅ ဦးတို့ကို အသီးသီးတွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၇၃၉၀၁ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူပေါင်း ၂၁၄၁၆ ဦးရှိကာ ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၉၆၅၈၃ဦးရှိကြောင်းနှင့် ကာကွယ်ဆေးအလုံးရေ ၆၇ သန်းကျော်ကို ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ထပ်မံလက်ခံရရှိ

**ဒါကာ အောက်တိုဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ထပ်မံလက်ခံရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရသို့ တရုတ်နိုင်ငံအစိုးရက လက်ဆောင်အဖြစ်ပေးအပ်သည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပဉ္စမအသုတ်သည် အောက်တိုဘာ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ဘေးကင်းလုံခြုံစွာရောက်ရှိလာခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခင်က ရောက်ရှိလာခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လေးသုတ်သည် ယခုနှစ် မေလ၊ ဇွန်လနှင့် ဩဂုတ်လတို့တွင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၄၄ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ အောက်တိုဘာ ၂၀**

အာဖရိက၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၄၄၅၉၁၇ ဦးရှိလာကြောင်း အာဖရိကရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၁၆၀၁၃ ဦးရှိပြီး ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၇၈၂၄၈၆၃ ဦးရှိကြောင်း သိရသည်။

ဒေသအတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း အာဖရိကရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

တောင်အာဖရိကနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၂၉၁၇၂၅၅ ဦးရှိပြီး မော်ရိုကိုနိုင်ငံ၌ ၉၄၂၇၇၉ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အာဖရိကတောင်ပိုင်း၌ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၂၄၇၄၃၇၃ ဦး |
| သေဆုံးသူ | ၄၉၃၁၆၃၈ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၁၉၇၇၅၂၇၄ ဦး |


## "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# ဘားအံမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ကျော်ဌေး(ခ)ဖိုးချစ်၊ ဒေါ်ရွှေလုံး၊ ထွန်းကြည်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဘားအံမြို့နယ် ကော့ခမိတ်ကျေးရွာနေ ကျော်ဌေး(ခ)ဖိုးချစ်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီ ၄၆ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ကမံကျေးရွာနေ ဒေါ်ရွှေလုံး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများ နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၁၁ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၀ တို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁၀-၂၀၂၁ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှင်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)
- **၀၉:၃၅** NHK အစီအစဉ် **'ငွေးမောင်းနာရာမြို့'**
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ပထဝီဝင်ဘာသာရပ်'**
- **၁၅:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ဆီဝီးရောင်ဖြာ ငွေလသာ'**
- **၁၅:၄၅** Soccer View
- **၁၆:၃၅** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
- **၁၇:၀၅** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၄၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း'** (အပိုင်း-၂၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ချိုမြ မြန်မာတေးအလှ
- **၂၁:၂၅** ရုပ်မြင်သံကြားဇာတ်လမ်း **'ငွေး'**
- **၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'မတူညီသောမေတ္တာများ'** (အပိုင်း-၁၅)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

- **07:01** News
- **07:26** Ecotourism: The Tourist Attractions of Mingun, Sagaing
- **07:50** Licuala Palm Leaf
- **08:01** Discovering Tribes: Pre Kayaw (Their Life and Customs) (Part-2)
- **08:27** Htan Taw Drums (Part-I) "Osi"
- **08:42** Magnificent Thadingyut Festival
- **08:48** Betel Nut Farmer
- **09:01** Let's perform a buffalo dance
- **09:13** Image Of The Monks
- **09:31** Paper Products... Plain but Pretty
- **09:52** Kyaikhteeyoe: Mountain Drivers
- **10:42** Lacquerware Technology College
- **11:01** Myanmar Traditional Instruments - Myanma Harp (Episode-2)
- **11:46** Thadingyut Festival, Heart & Soul

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွားကျောက်ခြစ်ခြင်းနှင့်သွားအကြောထုတ်ကုသခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း(လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၃)

**ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်လာဘ်ကောင်ဗျာလ္လအကြောင်း

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကလေးငယ်များကိုဖြည့်စွက်စာကျွေးခြင်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သံထည်ဖြင့်ပြုလုပ်သောလူ့အသုံးအဆောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ပူတာအိုသို့ခရီးသွားခြင်း

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တောင်းပန်ပါတယ်'**
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ
နံနက်(၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာနေ့)တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးလာရောက်သူ ၅၀၀၀ ကျော်ရှိ

**ညောင်ဦး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာနေ့)တွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်လျက်ရှိရာ သမိုင်းဝင်အထင်ကရဘုရားများနှင့် သမိုင်းဝင်အဆောက်အအုံ၊ သာသနိကအဆောက်အအုံများ၌ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သည့် ပြည်သူ ၅၀၀၀ ကျော်ခန့်ရှိကြောင်း ရွှေစည်းခုံ ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသန်းမြင့်အောင်ထံမှ သိရသည်။

## ပြန်လည်ဖူးမြော်ခွင့်ပြု

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးမြော်ခွင့်ကို ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံတွင် စတင်ကူးစက်ချိန်မှစတင်ပြီး ပုဂံဒေသရှိ ဘုရားများဖူးမြော်ခွင့်၊ လေ့လာခွင့်ပိတ်ထားခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူ အပါအဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများအား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုခဲ့ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။



ယခုရက်ပိုင်း ဘုရားဖူးများ အလွန်များပြားလာပြီး ဟဲဟိုး၊ တကောင်း၊ တောင်ကြီး၊ ဟိုပုံး၊ နတ်မောက်၊ မကွေး၊ ပဲခူး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့များမှ လာရောက်ကြကြောင်း၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ထီးလိုမင်းလို၊ ရွှေစည်းခုံ၊ မနူဟာ၊ အာနန္ဒာ၊ ဗူးဘုရား၊ အလိုတော်ပြည့်၊ ကျောက်ဂူဥမင်၊ ပြာသာဒ်ကြီးဘုရား၊ သဗ္ဗညုဘုရားနှင့် ကန်တော့ပလ္လင်ဘုရားများသို့ လာရောက်ဖူးမြော်သူ ၂၅၀၀ မှ ၅၀၀၀ အထိ ရှိလာကြောင်း သိရသည်။

မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် သမိုင်းဝင်အထင်ကရ ဘုရားများအပြင် ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ သာသနိကအဆောက်အအုံ၊ စေတီပုထိုး၊ ဘုရားများရှိ နံရံဆေးရေးပန်းချီများကိုလည်း စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ယခုရက်ပိုင်းကဲ့သို့ ဘုရားဖူးများ လာရောက်ခဲ့ပါက ဈေးဆိုင်များ၊ မြင်းလှည်းအငှားလိုက်သူများ၊ လျှပ်စစ်စက်ဘီးငှားသူများ၊ သုံးဘီးအငှားသမားများ၊ ဗူးဘုရားမြစ်ဆိပ်၌ စက်လှေအငှားလိုက်သူများ ပြန်လည်အဆင်ပြေလာနိုင်ကြောင်း၊ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာရောက်သူများပြားလာသည်မှာ နှစ်နှစ်အတွင်း သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာနေ့)တွင် ဘုရားဖူးလာရောက်သည့် ဦးရေအများဆုံးဖြစ်ကြောင်း၊ ဂေါပကအဖွဲ့ရှိသည့် ဘုရား ၁၉ ဆူတွင် ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ဖူးမြော်စေကြောင်း ထီးလိုမင်းလိုဘုရားဂေါပကဥက္ကဋ္ဌ ဦးတင်လှဦးက ရှင်းပြသည်။

**ကိုထိန်၊ KPD**



## သီတင်းကျွတ်လပြည့်နေ့တွင် နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်း၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိ

**နတ်မောက် အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်း၌ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ယနေ့နံနက်ပိုင်းက မြို့ပေါ်ရှိ ပြည်သူများနှင့် ဘုရားဖူးဧည့်သည်များလာရောက်၍ ကောင်းမှုကုသိုလ်များ ပြုလုပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဆုတောင်းပြည့်ဘုရားကြီးအား ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်းနှင့် ကျေးငှက်တိရစ္ဆာန်များအား ဘုရားဖူးပြည်သူများက အစာကျွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော် ဦးဥပ္ပလထံ ငါးပါးသီလခံယူ၍ ဥပုသ်သီတင်းများ ဆောက်တည်ခဲ့ကြကြောင်း သိရသည်။ **လှဝင်း(ပြန်/ဆက်)**

## ထားဝယ်မြို့ ကျက်သရေဆောင်ရွှေတောင်စားစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိ


**ထားဝယ် အောက်တိုဘာ ၂၀**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ယနေ့တွင် ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်သည့်အနေဖြင့် ထားဝယ်မြို့အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ ဘုရားကျောင်းကန်စေတီပုထိုးများ၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ထားဝယ်မြို့၏ အထင်ကရတစ်ခုဖြစ်သော ထားဝယ်မြို့ကျက်သရေဆောင်ရွှေတောင်စားစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့် နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည့် အားလျော်စွာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းမှစတင်၍ ထားဝယ်မြို့ရှိ ဒေသခံပြည်သူများအပါအဝင် ဘုရားဖူးလာသူများက ရွှေတောင်စား စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီးမီးများ ကပ်လှူပူဇော်ကြပြီး ဘုရားကြီးတွင် အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသတွင်လည်း စိတ်ဝင်စားဖွယ်သမိုင်းကြောင်းများ၊ သမိုင်းဝင်ရှင်ကိုးရှင်ဘုရားများ၊ ထားဝယ်မြို့ ကျက်သရေဆောင်လောကမာရဇိန်ဘုရားကြီးနှင့် ထားဝယ်ဒေသအတွင်းရှိ ဘုရား၊ ပုထိုး၊ စေတီများမှာ ထင်ရှားကျော်ကြားလျက်ရှိပြီး အပန်းဖြေနားနေစရာအဖြစ် မောင်းမကန်ကမ်းခြေအပါအဝင် ထားဝယ်ခရိုင်အတွင်းရှိ ကမ်းခြေများ၌လည်း စည်ကားလျက်ရှိသည်။ **ထားဝယ်(ပြန်/ဆက်)**



ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေယင်တောင် တောင်တော်မြတ်၌ သီတင်းကျွတ်လပြည့်နေ့ ညတွင် ဆီမီးထွန်းညှိပူဇော်ထားသည်ကို တွေ့ရစဉ်။

လှိုင်သန်းတင့်(ရမည်းသင်း)




ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လဆန်း ၁၄ ရက်မှစ၍ လပြည့်ကျော် ၁ ရက်နေ့အထိ ဆီမီးပူဇော်ပွဲကျင်းပလျက်ရှိကြောင်း သိရသည်။)

**ဝေယံ(ပြန် /ဆက်)**

# မလိုအပ်ဘဲ ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းမထိုးသင့်

ပေါက်ပေါက်



ကိုဗစ်တတိယလှိုင်း ဖြစ်ပေါ်လာချိန်တွင် ပြည်သူများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် စိတ်အားထက်သန်လာကြသည်။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများကလည်း ဗီဇမျိုးပြောင်း အန္တရာယ်ကိုကြောက်၍ နောက်တစ်ကြိမ် ကာကွယ်ဆေးထိုးနှံရန် သင့်၊ မသင့် ဝိရောဓိဖြစ်နေကြသည်။ တချို့ကလည်း မိမိသဘောဖြင့် နောက်ထပ်တစ်ကြိမ်ထိုးနှံနေကြသူများလည်း တွေ့ရသည်။ သို့ပါ၍ အပိုဆောင်းကာကွယ်ဆေး ထိုးသင့်၊ မထိုးသင့် ကွဲကွဲပြားပြားရေးသားဖော်ပြပေးလိုပါသည်။

**အပိုဆောင်းကာကွယ်ဆေး ထိုးနှံသင့်သူများ**

ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးနောက် ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံသောဆေးကို Booster Dose , Booster Shots ဟု ခေါ်ပါသည်။ အပိုဆောင်းကာကွယ်ဆေး ထိုးနှံသင့်သူများမှာ -

- ☆ အကြောင်းကြောင်းကြောင့် ကိုယ်ခံအားအလွန်ကျဆင်းနေသူများနှင့် အသက်အလွန်ကြီးရင့်သူများမှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးသော်လည်း ကိုယ်ခံအားနည်းနေသည့်အတွက် ရောဂါကိုကာကွယ်နိုင်လောက်သည်အထိ ကိုယ်ခံအား ပြည့်မီရန် လိုအပ်နေပါသည်။ ထို့ကြောင့် ထိုသူများကို Booster Dose ထိုးပေးဖို့လိုပါသည်။
- ☆ ရောဂါတစ်ခုခုကြောင့် ကိုယ်ခံအားကျဆင်းအောင် ဆေးသောက်သုံးနေရသူများ၊ ခန္ဓာကိုယ်အစိတ်အပိုင်းအစားထိုး လဲလှယ်ထားရသူများ၊ ကင်ဆာရောဂါဝေဒနာရှင်များ စသူတို့တွင် ကိုယ်ခံအားအပြည့်အဝရနေရန် လိုအပ်သဖြင့် တတိယအကြိမ် ထိုးနှံပေးဖို့လိုပါသည်။

**အပိုဆောင်းကာကွယ်ဆေး မလိုအပ်သူများ**

ကာကွယ်ဆေးထိုးနှံသည့်အခါ အကြိမ်ပြည့်ထိုးနှံဖို့လိုပါသည်။ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးချိန်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်က ကိုယ်ခံအားစနစ် စတင်ထုတ်လုပ်ပါသည်။ ယင်းစနစ်က အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ပြီး ကိုယ်ခံအားများလည်း တက်လာပါပြီ။ သို့သော် ဒုတိယတစ်ကြိမ် ထိုးလိုက်မှသာ ပထမအကြိမ်တက်လာသော ကိုယ်ခံအားများကို ပိုမိုအားကောင်းစေရန်၊ ခိုင်ခံ့စေရန်၊ ပမာဏများစေရန်၊ ကာကွယ်နိုင်မှုအာနိသင် ပိုရှည်ကြာစေရန် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပုံမှန်ကျန်းမာရေးအခြေအနေကောင်းသူများက ကာကွယ်ဆေးနှစ်ကြိမ်ထိုးထားရုံဖြင့် လုံလောက်ပါသည်။ သို့သော် မလိုအပ်ဘဲ တတိယအကြိမ် Booster Dose ထိုးခြင်းက ပြည့်ပြီးသားရေအိုးကို ထပ်ဖြည့်သည့်အနေအထားဖြစ်၍ အမှန်တကယ်လိုအပ်သူများအတွက် ငဲ့ညှာသင့်ပေသည်။

**အမေရိကန်နိုင်ငံ၏ သတိပေးချက်**

ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများအနေဖြင့် Booster Dose (ခေါ်) နောက်တစ်ကြိမ်ထိုးနှံရန် လိုအပ်ခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အောက်ပါအတိုင်း ထုတ်ပြန်ကြေညာထားကြောင်း တွေ့ရသည်။

- ☆ Booster Dose ကို အသက် ၆၅ နှစ်အထက် အသက်ကြီးသူများ၊ ပြင်းထန်စွာ ရောဂါဖြစ်ပွားနိုင်ခြေရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အန္တရာယ်ရှိအခြေအနေတွင် တာဝန်ထမ်းဆောင်နေသူများကို ထိုးနှံပေးဖို့လိုအပ်ပြီး ၎င်းအုပ်စုတွင် မပါဝင်သူများကို ထပ်မံထိုးနှံရန် မလိုအပ်ကြောင်း၊
- ☆ ကာကွယ်ဆေးထိုးနှံခြင်းက ရောဂါပြင်းထန်စွာခံစားရမှု၊ အသက်သေဆုံးမှု၊ ဆေးရုံတက်ရောက်ရမှု မဖြစ်အောင် ရည်ရွယ်ခြင်းဖြစ်ရာ လက်ရှိကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံထားခြင်းက အဆိုပါရည်ရွယ်ချက်များကို ပြည့်မီပြီးသားဖြစ်သည့်အတွက် Booster Dose ထပ်မံထိုးနှံဖို့ ဆုံးဖြတ်ချက်ပေးရန် ယခုအချိန်သည် စောနေသေးကြောင်း၊
- ☆ ကိုဗစ်-၁၉ ကာကွယ်ဆေး၏ အာနိသင်သည် အနည်းဆုံးခြောက်လ၊ ရှစ်လမှ တစ်နှစ်ကျော်အထိရှိနိုင်ပြီး လက်ရှိကာကွယ်ဆေးများ၏ အာနိသင်မှာ ကောင်းမွန်ကြောင်း၊
- ☆ ပြင်းထန်ဝေဒနာ ခံစားရသူများအနေဖြင့် ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံသင့်ပြီး အကယ်၍မလိုအပ်ဘဲ အသက်ငယ်ရွယ်သူများကို ထပ်ဆောင်းဆေးထိုးနှံပေးခြင်းက တချို့မှာဆိုးကျိုးများဖြစ်စေသည်ကို တွေ့ရကြောင်း၊ ထို့ပြင် လက်ရှိအခြေအနေတွင် အသက် ၁၆ နှစ်အထက်များကို တတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန် လုံလောက်သောအကြောင်းပြချက်မရှိသေးကြောင်း၊
- ☆ ခုခံအားဆိုင်ရာပညာရှင်များ၏အထောက်အထားဖော်ပြချက်အရ ကာကွယ်ဆေးထိုးခြင်းသည် Antibody (ခေါ်) ခန္ဓာကိုယ်သွေးတွင်းဖြစ်ပေါ်စေသည့် ရောဂါကာကွယ်သော ပဋိပစ္စည်းကို တိုးမြင့်စေခြင်းဖြစ်ရာ ဆေးထိုးပြီးနောက် B Cell၊ TCell ဟုခေါ်သည့် ကိုယ်ခံအားဆဲလ်များက ကိုယ်ခံအားစနစ်ကို ကြာမြင့်စွာ ကာကွယ်ပေးထားနိုင်ကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးသူများအနေဖြင့် တတိယအကြိမ်ထိုးနှံရန် မလိုအပ်ကြောင်း၊
- ☆ အထူးသဖြင့် အမျိုးသားများမှာ Pfizer ထိုးနှံပြီးနောက် နှလုံးရောင်ရမ်းနိုင်သောအန္တရာယ်ကိုတွေ့ရပြီး ကုသမှုရရှိပါက ပြန်လည်သက်သာသွားသည်ကို တွေ့ရသဖြင့် အသက် ၁၆ နှစ်အထက် လူအားလုံးကို တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးရန် လုံလောက်သောအကြံပြုချက်ကို မတွေ့ရသေးကြောင်း၊
- ☆ ကမ္ဘာပေါ်မှာ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေကြသူ များပြားနေသည့်အချိန်မှာ ကာကွယ်ဆေးထိုးနှံပြီးသူအများစုကို ထပ်မံထိုးနှံပေးခြင်းထက် လုံးဝမထိုးနှံရသေးသူနှင့် ဆေးပတ်လည်အောင် ဒုတိယအကြိမ်ထိုးရန် ကျန်ရှိနေသူများကိုသာ ထိုးနှံပေးခြင်းက ပိုမိုကောင်းမွန်ပါကြောင်းနှင့် လူသားအားလုံး ကာကွယ်ဆေးနှစ်ကြိမ် ရရှိစေလိုပါကြောင်း၊
- ☆ အထက်ပါသုံးသပ်ချက်များအရ Booster Dose ထိုးနှံခြင်းက ထူးခြားသောပြောင်းလဲမှု၊ ခြားနားချက်များဖြစ်မည် မဟုတ်ကြောင်း ဆိုထားပါသည်။

**အိန္ဒိယနိုင်ငံ၏ သတိပေးချက်**

အိန္ဒိယနိုင်ငံ၏ သက်ဆိုင်ရာကျန်းမာရေးပညာရှင်များ၊ ကိုယ်ခံအားစနစ်ဆိုင်ရာ ပညာရှင်များ၊ ဆေးပညာရှင်များ စသည်ဖြင့် ဘက်ပေါင်းစုံက ပညာရှင်များကလည်း Database အနေဖြင့် ကိုဗစ်-၁၉ ရောဂါသည် လက်ရှိ အနေအထားအရ Booster Dose ထိုးရန် မလိုအပ်ကြောင်း၊ နောက်တစ်ချက်မှာ ကာကွယ်ဆေးထိုးနှံရန် ဦးတည်ရည်မှန်းချက် လူဦးရေ၏ လေးပုံ တစ်ပုံထက် နည်းနေသည့်အချိန်မှာ ဆေးနှစ်ကြိမ်ထိုးပြီးသူများအနေဖြင့် Booster ထိုးဖို့ မလိုအပ်သေးကြောင်း၊ မဖြစ်မနေထိုးနှံသင့်သူများနှင့် ကူးစက်ခံရနိုင်ခြေအခွင့်အလမ်း များသူများမှာ ကာကွယ်ဆေးထိုးနှံပေးရန် စီမံချက်များရှိနေသည့်အတွက် Booster Dose ထိုးရန် အချိန်ကောင်းမဟုတ်သေးကြောင်း အကြံပြုထားပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးချက်**

စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ မြန်မာနိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျော့နည်းစေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် ဆေးလုံးဝ မထိုးနှံရသေးသူများကို ထိုးနှံပေးဖို့က အရေးကြီးပါကြောင်း၊ သို့ပါ၍ ဘယ်လိုလူများကို Booster ထိုးရမလဲ စဉ်းစားဆုံးဖြတ်သည့်အခါ ပြည်သူ့ကျန်းမာရေးအမြင်ဖြင့် အားလုံးကို ကာကွယ်နိုင်မှုရရှိစေရန် ရည်ရွယ်ပြီး စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ အသက်ကြီးသူများ၊ ပြင်းထန်သည့်ရောဂါဖြစ်ပွားနိုင်ခြေရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အန္တရာယ်ရှိသောအခြေအနေများတွင် တာဝန်ထမ်းဆောင်နေကြသူများကိုသာ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံသင့်ပြီး မလိုအပ်ဘဲ အသက်ငယ်ရွယ်သူများကို ထိုးနှံပေးခြင်းက ဆိုးကျိုးအချို့ကို ဖြစ်စေနိုင်ကြောင်း၊ အကယ်၍ အခွင့်အရေးရ၍ မိမိတို့ရုံး သို့မဟုတ် လုပ်ငန်းဌာနတွင် ကာကွယ်ဆေးထိုးနှံပေးသောအခါမှာလည်း ထပ်ထိုးနှံခြင်းမျိုး မလုပ်သင့်ဘဲ မိမိအတွက် ပိုလာမည့်ဆေးကို အမှန်တကယ်လိုအပ်နေသူများမှာ ထိုးနှံနိုင်ကြရန် ညှာတာစေလိုပါကြောင်း အကြံပေးထားသည်။

**ကာကွယ်ဆေးထိုးနှံပြီးသည့် အခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က စက်တင်ဘာလကုန်အထိ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကို ကာကွယ်မှုပေးနိုင်ရန် ညွှန်ကြားထားသည်။ မြန်မာနိုင်ငံတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၇-၁-၂၀၂၁ ရက်နေ့မှ ၄-၁၀-၂၀၂၁ ရက်နေ့အထိ လူဦးရေစုစုပေါင်း ၈ ဒသမ ၆၈ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ ၃ ဒသမ ၉၂ သန်း၊ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၁၀ ဒသမ ၆၃ ရာခိုင်နှုန်းခန့်ကို အကြိမ်ပြည့် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ပထမအကြိမ် ထိုးနှံပြီးသူမှာလည်း ၄ ဒသမ ၇၆ သန်းပါရှိ၍ စုစုပေါင်းအကြိမ်ရေ ၁၂ ဒသမ ၆ သန်း ထိုးနှံပြီးဖြစ်ကာ ရည်မှန်းကာကွယ်ဆေးအကြိမ်ရေ၏ ၁၇ ဒသမ ၀၈ ရာခိုင်နှုန်းအား ထိုးနှံပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေးလွှမ်းခြုံမှုများ အပြည့်အဝရရှိစေရေးအတွက် မိမိတို့ရှိထားသည့် ကာကွယ်ဆေးများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၇ သို့ *

**ကာကွယ်ဆေးထိုးနှံသည့်အခါ အကြိမ်ပြည့်ထိုးနှံဖို့လိုပါသည်။ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးချိန်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်က ကိုယ်ခံအားစနစ် စတင်ထုတ်လုပ်ပါသည်။ ယင်းစနစ်က အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ပြီး ကိုယ်ခံအားများလည်း တက်လာပါပြီ။ သို့သော် ဒုတိယတစ်ကြိမ်ထိုးလိုက်မှသာ ပထမအကြိမ်တက်လာသော ကိုယ်ခံအားများကို ပိုမိုအားကောင်းစေရန်၊ ခိုင်ခံ့စေရန်၊ ပမာဏများစေရန်၊ ကာကွယ်နိုင်မှုအာနိသင် ပိုရှည်ကြာစေရန် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပုံမှန်ကျန်းမာရေးအခြေအနေကောင်းသူများက ကာကွယ်ဆေးနှစ်ကြိမ်ထိုးထားရုံဖြင့် လုံလောက်**

# သီတင်းကျွတ်ကာလအတွင်း ပဲခူးတိုင်းဒေသကြီး ပြည်တောင်တန်းတောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသနှင့် စစ်ကိုင်းတောင်ရိုးတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ကပ္ပိယများအား ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သီတင်းကျွတ်ရက်မြတ်ကာလအတွင်း သာသနာ့နွယ်ဝင် ဦးတည်အုပ်စုဖြစ်သည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ကပ္ပိယများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆံတော်ရပ်ကွက်ရှိ ဇောတိကာရုံပါဠိတက္ကသိုလ်ဆေးထိုးစုရပ်နှင့် နဝဒေးရပ်ကွက်ရှိ ဝင်္ဂဘာတောရကျောင်းတိုက်ဆေးထိုးစုရပ်တို့၌ ပြည်တောင်တန်းတောရကျောင်းတိုက်ပေါင်း ၆၆၇ တိုက်ရှိ ဆရာတော်၊ သံဃာတော် ၁၆၉၁ ပါး၊ သီလရှင် ၅၆၃ ပါးနှင့် ကပ္ပိယ ၁၀၈၃ ဦးတို့ကို ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ နယ်မြေခံ တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ လာရောက်ကြည့်ရှုအားပေးကြပြီး ဆေးထိုးစုရပ်ရှိ တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဆေးထိုးနှံပေးခဲ့**

အလားတူ စစ်ကိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မင်းကွန်းဒေသနှင့် စစ်ကိုင်းတောင်ရိုးတို့တွင် သီတင်းသုံးတော်မူသော ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို သီတင်းကျွတ်ရက်မြတ်ကာလအတွင်းတွင် ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်အထိ သာသနာ့ဝန်ထမ်းအပါး ၃၆၀၀ ကို ဆေးထိုးနှံပေးခဲ့ပြီး သီတင်းကျွတ်လပြည့်နေ့နှင့် အဖိတ်နေ့များဖြစ်သော အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သီတဂူ သံဃာ့ဆေးရုံနှင့် မင်းကွန်းဒေသ၊ စစ်ကိုင်းချောင်တို့မှ စုစုပေါင်းအပါး ၁၉၀ ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

**ဆက်လက်ဆောင်ရွက်မည်**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနသည် သာသနာ့နွယ်ဝင် ဦးတည်အုပ်စုများဖြစ်သည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ကပ္ပိယများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများကို တစ်နိုင်ငံလုံးတွင် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်မြို့နယ် အတွင်းရှိ ပြည်တောင်တန်းတောရ ကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ကပ္ပိယများအား ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံ ပေးနေမှုအား ကြည့်ရှု အားပေးစဉ်။



သီတင်းကျွတ်ကာလအတွင်း မင်းကွန်းဒေသနှင့် စစ်ကိုင်းတောင်ရိုးတို့၌ သီတင်းသုံးတော်မူသော ရဟန်းသံဃာများနှင့် သာသနာ့နယ်ဝင် သီလရှင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

---

**✱ စာမျက်နှာ ၁၆ မှ**

လက်ရှိတွင် ပြည်တွင်း၌ ကာကွယ်ဆေး စုစုပေါင်း ၁၈ သန်းရှိပြီး တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ လှူဒါန်းထားသော ကာကွယ်ဆေး စုစုပေါင်း ငါးသန်းကျော် ရရှိထားကြောင်း၊ Sinovac ကာကွယ်ဆေး ခုနစ်သိန်းကျော်ရှိပြီး အောက်တိုဘာလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့တို့တွင် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေး နှစ်သန်း ထပ်မံရောက်ရှိခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ယခုနှစ် ဒီဇင်ဘာလကုန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး ၅၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည့် စာရင်းများအနေဖြင့် အောက်တိုဘာလတွင် အသက် ၅၀ နှင့်အထက်၊ နိုဝင်ဘာလတွင် ၄၅ နှစ်နှင့်အထက်၊ ဒီဇင်ဘာလတွင် အသက် ၄၀ နှင့်အထက်အထိ ထိုးနှံပေးရန် ရည်မှန်းထားပြီး မကြာမီ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အသက် ၁၂ နှစ်နှင့်အထက် ကလေးများကိုလည်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသော QR Code ပါသည့် ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားများကို ကောင်းမွန်စွာ သိမ်းဆည်းထားပြီး ခရီးသွားလာသည့်အခါ သို့မဟုတ် လိုအပ်သောအခါ စိစစ်မှုများ ခံယူနိုင်ရန်အတွက် ယူဆောင်သွားကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

**Covishield တစ်ကြိမ် ထိုးပြီးသူများအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ တိုက်တွန်းချက်**

မေလနောက်ဆုံးပတ်နှင့် ဇွန်လပထမပတ်တို့တွင် အိန္ဒိယနိုင်ငံထုတ် Covishield လက်ကျန်ရှိမှုပေါ် မူတည်၍ မထိုးနှံရသေးသူများကို ပထမအကြိမ် ထိုးနှံပေးခဲ့ကြောင်း၊ သို့သော် ၎င်းပထမအကြိမ်ထိုးနှံပြီးနောက် သုံးလခန့်အကြာ စက်တင်ဘာလလယ်အထိ အိန္ဒိယနိုင်ငံထုတ် Covishield သည် လောလောဆယ်အနေအထား၌ ထပ်မံရောက်ရှိလာနိုင်ဖွယ်မရှိကြောင်း၊ ထို့ကြောင့် တစ်ကြိမ်ထိုးပြီးခဲ့သူများအနေဖြင့် Covishield ကို ဆက်မစောင့်တော့ဘဲ လက်ရှိမြန်မာပြည်တွင်း ထိုးနှံပေးနေသော Sinopharm ကာကွယ်ဆေးကို နှစ်ကြိမ်ပြန်ထိုးကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆေးထိုးပြီးသော်လည်း မပေါ့ဆသင့်**

ဆေးပတ်လည်ပြည့် နှစ်ကြိမ်ထိုးနှံပြီးသူများကလည်း မိမိဆေးထိုးပြီးဖြစ်၍ ပေါ့ပေါ့ဆဆမနေသင့်ပေ။ မျိုးကွဲဗီဇသစ်များကလည်း ဆေးထိုးနှံပြီးသူများကို ကိုဗစ်ရောဂါဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ကိုဗစ်-၁၉ စည်းကမ်းများဖြစ်သည့် နှာခေါင်းစည်းတပ်၊ လက်ဆေး၊ လူစုလူဝေးရှောင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သင့်ပေသည်။ ရောဂါပိုးပါဝင်သည့်အစက်အမှုန်များသည် ရောဂါရှိသူ သာမန်အသက်ရှူထုတ်ချိန်တွင် အနီးပတ်ဝန်းကျင် ငါးပေကျော်၊ ချောင်းဆိုးလျှင် အနီးပတ်ဝန်းကျင် ခြောက်ပေခွဲကျော်၊ နှာချေလိုက်သည့်အချိန်တွင် အနီးပတ်ဝန်းကျင် ၁၉ ပေခွဲကျော်အထိ ရောက်ရှိနိုင်၍ ပါးစပ်၊ နှာခေါင်းစည်းတပ်ခြင်းက ရောဂါပိုးကို အလွယ်တကူ ကူးစက်နိုင်ခြင်းမရှိသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ ထို့ပြင် နှာချေ၊ ချောင်းဆိုးခြင်းတို့မှ ထွက်လာသည့် အစက်အမှုန်များက အနီးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ကပ်တင်နေတတ်သဖြင့် ၎င်းဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန် လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ မကြာခဏဆေးကြောပေးဖို့လိုပါသည်။ အိမ်ခန်းများအတွင်း လေဝင်လေထွက်ကောင်းစေရန် တံခါးများဖွင့်ထားခြင်း၊ အစားအသောက်ကိုလည်း လူစုလူဝေးနှင့် စားသောက်ခြင်းမှ ရှောင်ရပါမည်။

အချုပ်အားဖြင့်ဆိုသော် ကောလာဟလအမျိုးမျိုးကြောင့် လူတချို့ကလည်း ဆေးထိုးနှံခြင်းကို ရှောင်ရှားနေကြဆဲဖြစ်သည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ကူးစက်ပြင်းထန် Delta မျိုးဗီဇအပါအဝင် လူသိများသော ဗိုင်းရပ်စ်မျိုးကွဲများကို ကာကွယ်ပေးနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားသည်။ ထို့ပြင် WHO က အရေးပေါ်အသုံးပြုခွင့်ပေးထားသော ကာကွယ်ဆေးများသည် ရောဂါပြင်းထန်နိုင်မှု၊ ဆေးရုံတက်ရောက်ရမှုနှင့် သေဆုံးမှုတို့ကို ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ထို့ကြောင့် မထိုးနှံရသေးသူများအနေဖြင့် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် မိမိအလှည့်ရောက်ချိန်၌ သွားရောက် ထိုးနှံသင့်ပေသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးများ ကူးစက်မှု ဆက်လက်ပျံ့နှံ့လာလျှင် မျိုးဗီဇပြောင်းလဲရန် အခွင့်အလမ်းသစ်များလာပြီး ကာကွယ်ထိန်းချုပ်ရပ်တန့်နိုင်ရန် ပို၍ခက်ခဲလာမည်ဖြစ်သည်။ ကိုဗစ်ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါပြန့်ပွားမှုကို နှေးကွေးစေနိုင်ပြီး မျိုးကွဲအသစ်များ ပေါ်ပေါက်လာနိုင်ခြေကိုလည်း လျှော့ချနိုင်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းသားပြည်သူများကို ကာကွယ်ဆေးထိုးနှံကြရန် သတိပေးနှိုးဆော်နေခြင်း ဖြစ်ပါသည်။

တစ်ဖက်ကလည်း အပိုဆောင်းဆေးထိုးနှံရန် ဆန္ဒပြင်းပြနေသူများရှိနေကြသည်။ မိမိတစ်ယောက်တည်း သို့မဟုတ် မိမိ၏မိသားစုတစ်စုတည်း ကာကွယ်ဆေး ထပ်မံထိုးနှံနေရုံမျှဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို လုံခြုံစွာကာကွယ်ထားနိုင်ပြီဟု မမှတ်ယူသင့်ပေ။ ကမ္ဘာ့ကပ်ရောဂါဖြစ်သည့်အတွက် လူသားအားလုံး ကာကွယ်ဆေး လွှမ်းခြုံနိုင်မှသာလျှင် စိတ်ချရမည်ဖြစ်ပါသည်။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူများက ဖုံးကွယ်ပြီး အခွင့်အရေးရတိုင်း နောက်ထပ်ကာကွယ်ဆေးထိုးနှံခြင်းကလည်း သမာသမတ်မဖြစ်တော့ဘဲ မျှဝေလိုသောစိတ်မရှိခြင်းက လူ့ကျင့်ဝတ်နှင့် မညီပါကြောင်း အများအကျိုးမျှော်၍ အကြံပြုရေးသားလိုက်ရပါသည်။ ။

## သံတွဲမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၆၂၂၆ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**သံတွဲ အောက်တိုဘာ ၂၀**
ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် အသက် ၁၂ နှစ်နှင့်အထက် အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းနေအရွယ်ကလေးများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သတ်မှတ်ထားသော ကျောင်းများ၏ သတ်မှတ်ကျောင်းသား ဦးရေအလိုက် သက်ဆိုင်ရာစုရပ် ဆေးထိုးစင်တာ ၁၁ ခုတွင် ပထမအကြိမ်အဖြစ် နံနက် ၈ နာရီမှ စတင်ထိုးနှံပေးခဲ့ရာ ကျောင်းသား ကျောင်းသူ ၆၂၂၆ ဦး လာရောက်ထိုးနှံခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရှိရသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက အနီးကပ်ကြီးကြပ် ကြည့်ရှုအားပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံမည့် သံတွဲမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အပါအဝင် စုစုပေါင်း ၂၇ ကျောင်းမှ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၇၉ ဦးရှိသည့်အနက် အောက်တိုဘာ ၁၉ ရက်အထိ ဆေးထိုးစင်တာ ၁၁ ခုခွဲ၍ ထိုးပေးခဲ့ရာ ကျောင်းသား ကျောင်းသူ ၆၂၂၆ ဦး လာရောက်ထိုးနှံခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၂၃၅၃ ဦးအား အခြားထိုးနှံမည့် အပတ်စဉ်များတွင် ကျောင်းထောက်ခံချက်များဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၃၉၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီး

**မိုင်းပျဉ်း အောက်တိုဘာ ၂၀**
မိုင်းပျဉ်းမြို့နယ်၌ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို သတ်မှတ်စုရပ်နေရာ အသီးသီးတွင် အောက်တိုဘာ ၁၆ ရက်မှစ၍ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ဆေးထိုးသတ်မှတ်စုရပ်နေရာ ၂၈ နေရာတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိရာ ယမန်နေ့အထိ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၁ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၉၀ တို့ကို ထိုးနှံပေးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## အိမ်မဲမြို့၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၀၃၀၃ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**အိမ်မဲ အောက်တိုဘာ ၂၀ ။** ။ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက (၂)ကျောင်း ဆေးထိုးစုရပ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီကစတင်ပြီး တတိယမြောက်နေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အိမ်မဲမြို့နယ်တွင် ဆေးထိုးစုရပ်များဖြစ်သည့် အထက ၂ (အိမ်မဲ)၊ အထက (ခွဲ) တကော၊ အထက ရွာသစ်၊ အထက(ခွဲ) သရက်ကုန်း၊ အထက လူကောင်းကျွန်း၊ အလက ပုလုညောင်ပိုင်း၊ အလက ကညင်ကုန်းကြီး၊ အမက ဆတ္တူစသည့် ဆေးထိုးစုရပ် ရှစ်ခုတို့တွင် မြို့နယ်အတွင်း အထက၊ အထက (ခွဲ)၊ အလက၊ အလက (ခွဲ) မူလွန် စုစုပေါင်း ၉၅ ကျောင်းမှ အသက် ၁၂ နှစ် ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၃၀၃ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။


**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**


ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

ပညာ

**ဆရာ၊ ဆရာမများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ ကျောင်းပြန်လည်ဖွင့်လှစ်ပါက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိပြီး ပညာသင်ကြားနိုင်ရေး မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ရန်၊
၂။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းအုပ်ကြီး၏ ညွှန်ကြားချက်များဖြင့် သောကြာနေ့တိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊
၃။ ကျောင်းသားများ ကျောင်းနေပျော်၍ သင်ကြားသင်ယူမှုဖြစ်စဉ်တွင် တက်ကြွစွာပါဝင်ရေး စီမံဆောင်ရွက်ရန်၊
၄။ ကျောင်းဖွင့်ကာလ၌ မိမိအတန်းတွင်း ကျောင်းပျက်ကွက်သော ကျောင်းသား/သူများရှိပါက စိစစ်၍ သင်ကြား၊ သင်ယူမှု နောက်ကျခြင်းမရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊
၅။ ကျောင်းသားများအား ၂၁ ရာစု ကျွမ်းကျင်မှုများ ရရှိစေရေး လေ့ကျင့်ပေးရန်၊
၆။ စဉ်ဆက်မပြတ် ဆရာ့အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာအုပ်စာပေများကို အစဉ်ဖတ်ရှုလေ့လာပြီး ဆရာ့အတတ်ပညာ တိုးတက်မြင့်မားရေး ဆောင်ရွက်ရန်၊
၇။ သင်ရိုးညွှန်းတမ်းနှင့်အညီ သက်ဆိုင်ရာဘာသာရပ်များကို ကြိုတင်ဖတ်ရှုလေ့လာ၍ သင်ကြားသင်ယူမှု လုပ်ငန်းများ ထိရောက်အောင်ဆောင်ရွက်ရန်၊
၈။ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများတီထွင်ဖန်တီး၍ လက်တွေ့အသုံးပြုရန်၊
၉။ တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန်၊
၁၀။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီးသို့ တင်ပြရန်၊

# ငြိမ်းချမ်းမှုနဲ့ သဟဇာတဖြစ်ရေးဆီ ဦးတည်ကြမည် မြန်မာပြည်

ထွန်းထွန်း(ခရေရိပ်)

**"ကျွန်တော်တို့အိမ်က သေးငယ်နေပေမယ့် အိမ်ထဲမှာ စားပွဲတွေ၊ ကုလားထိုင်တွေ၊ ခုတင်တွေ ဘယ်လိုနေရာချထားမလဲဆိုတာ ကျွန်တော်တို့ရဲ့ အိမ်တွင်းရေးကိစ္စပါ။ မိတ်ဆွေတွေ၊ အိမ်နီးချင်းတွေရဲ့ ကိစ္စမဟုတ်ပါဘူး။ ခုတင်ကို ဟိုဘက်ရွှေ့၊ ကုလားထိုင်ကို ဒီမှာထားလို့ ဘယ်သူမှ ပြောပိုင်ခွင့်မရှိပါဘူး။ ဒါက ကျွန်တော်တို့ရဲ့အိမ်ပါ။ သေးငယ်နေပေမယ့် ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အလိုအတိုင်း စီမံလုပ်ကိုင်ခွင့်ရှိပါတယ်" လို့ စင်ကာပူနိုင်ငံဝန်ကြီးချုပ်(ဟောင်း) လီကွမ်ယု ပြောစကားကို အမှတ်ရမိပါတယ်။**

လီကွမ်ယုက ကျွန်းနိုင်ငံသေးသေးလေးကို အသန့်ရှင်းဆုံး ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် ရိုးဖြောင့်မှန်ကန်ပြီး စိတ်စေတနာကောင်းရှိတဲ့၊ ထက်မြက်တဲ့ခေါင်းဆောင်ကောင်း ဘယ်လောက်လိုအပ်တယ်ဆိုတာ စင်ကာပူနိုင်ငံကိုကြည့်ရင် သိနိုင်ပါတယ်။

**မြန်မာ့အရေးကို မြန်မာတို့ကသာ ဖန်တီးပုံဖော်**

မြန်မာနိုင်ငံရဲ့ အမျိုးသားရေးပန်းတိုင်က အေးချမ်းသာယာပြီး စစ်မှန်စည်းကမ်းပြည့်ဝ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားရေးပန်းတိုင်ကို နိုင်ငံသားပြည်သူတွေရဲ့ စွမ်းအားနဲ့သာ ချီတက်ကြရမှာဖြစ်ပြီး မြန်မာ့အရေးကို မြန်မာတို့ကသာ ဖန်တီးပုံဖော်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အစိုးရတစ်ရပ်ရဲ့ ဦးစီးဦးဆောင်မှုနဲ့ စီမံခန့်ခွဲနိုင်မှုစွမ်းရည်က အရေးကြီးပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခုမျက်မှောက်ကာလ အမျိုးသားရေးပန်းတိုင်ကို ချီတက်ရာမှာ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့ရပါတယ်။

မြန်မာနိုင်ငံက ပထဝီအနေအထားအရသဘာဝကပေးအပ်ထားတဲ့ အခြေခံကောင်းတွေ၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ စီးပွားရေးအရ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော်လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေး စရိုက်လက္ခဏာတွေ ထိန်းသိမ်းစောင့်ရှောက်မှုမှာ အဆင့်မြင့်မားတဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေက မြတ်ဗုဒ္ဓရဲ့လမ်းစဉ်ဖြစ်တဲ့ မေတ္တာတရားနဲ့ အရာရာကို ဆုံးဖြတ်လုပ်ကိုင်ကြပြီး သနားညှာတာစိတ်ရှိတဲ့ လူမျိုးတွေဖြစ်ကြပါတယ်။ သတ္တိရှိကြသော်လည်း အငြိုးအာဃာတကြီးမားသူတွေမဟုတ်ဘဲ သည်းခံခွင့်လွှတ် ကျေအေးလွယ်ကြပါတယ်။ ဖွဲ့လုံ့လရှိမှု၊ ဖော်ရွေခင်မင်မှု၊ ကိုယ်ချင်းစာတရားရှိမှု၊ ရိုးသားဖြူစင်မှု၊ လွတ်လပ်ပွင့်လင်းမှု၊ အစဉ်အလာထိန်းသိမ်းမှု၊ မျိုးနွယ်စောင့်ထိန်းမှု စတဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့လူမျိုးတွေ ဖြစ်ကြပါတယ်။

နှစ်ပေါင်းထောင်ချီ ညီညီညွတ်ညွတ်လက်တွဲနေထိုင်ခဲ့ကြပြီး မြန်မာလူမျိုးတွေက ဒီလိုအရည်အချင်းတွေနဲ့ပြည့်စုံပါလျက် နိုင်ငံက သူ့ကျွန်ဘဝ ကျရောက်ခဲ့ရတာ၊ ကိုလိုနီနယ်ချဲ့တို့ရဲ့ ပယောဂကြောင့် လွတ်လပ်ရေးနဲ့အတူ သွေးကွဲမှုတွေ၊ စိတ်ဝမ်းကွဲမှုတွေ၊ လက်နက်ကိုင်ဆူပူမှုတွေက ယနေ့ထက်တိုင် အမြစ်မပြတ်နိုင်သေးဘဲ ဆက်လက်ရှိနေတာတွေကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုပဋိပက္ခတွေကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရတာလည်း ဖြစ်ပါတယ်။

ကိုလိုနီနယ်ချဲ့တို့ကြောင့် လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အမျိုးသားခေါင်းဆောင်တွေ၊ မျိုးချစ်တိုင်းရင်းသားပြည်သူတွေက ပြန်လည်ရရှိအောင် စွမ်းဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း စတင်မွေးဖွားပေးလိုက်တဲ့ မြန်မာ့တပ်မတော်က အရေးကြုံလာရင် ပြည်သူတွေရှေ့က မားမားမတ်မတ်ရပ်တည်ပေးခဲ့တာ ယနေ့ခေတ်မှ မဟုတ် ရှေးခေတ်အဆက်ဆက်ကပင် ဖြစ်ပါတယ်။

တပ်မတော်ဆိုတာ ကြည်းတပ်၊ ရေတပ်၊ လေတပ် လက်နက်ကိုင် အင်အားစုကြီး ဖြစ်ပါတယ်။ တပ်မတော်ရဲ့တာဝန်က ပြည်သူနဲ့ နိုင်ငံတော်ကို ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်တွန်းလှန်ဖယ်ရှားပေးဖို့ ဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မထိပါး ရအောင် ပြည်တွင်းရန်၊ ပြည်ပရန်တွေကနေ ကာကွယ်ထိန်းသိမ်း တည့်မတ်ပေးတဲ့ သမိုင်းအစဉ်အလာတွေနဲ့ ပြည့်စုံခဲ့တာလည်း ဖြစ်ပါတယ်။

**တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်**

ယနေ့ ကမ္ဘာတစ်လွှားမှာ ဖြစ်ပွားနေတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကို ဒုက္ခပေးနေတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကပ်ရောဂါ ကိုဗစ် – ၁၉ ရောဂါဆိုးကို ကာကွယ်ထိန်းချုပ်ရာမှာလည်း တပ်မတော်က တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ရေဘေး၊ မီးဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး စတဲ့ သဘာဝဘေးဒဏ်တွေ ကျရောက်ရင်လည်း အမိန့်ပေးတာကို စောင့်နေစရာမလိုဘဲ ချက်ချင်းအမြန်ဆုံး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရမယ်ဆိုတာကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမိန့်ပေးထားပြီးသား ဖြစ်ပါတယ်။ ပြည်သူနဲ့တပ်မတော်က အစဉ်လက်တွဲမြဲခဲ့ပြီး တတ်နိုင်သမျှ ပြည်သူတွေအကျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

- **နိုင်ငံတိုးတက်ချင်ရင် အေးချမ်းလုံခြုံရမှာ အခြေခံလိုအပ်ချက် ဖြစ်ပါတယ်။ ပြည်သူတွေက ငြိမ်းချမ်းရေးရဲ့ လေးနက်တဲ့ အဓိကကျမှု၊ အရေးပါမှုကို လက်ခံသိမြင်ပြီး လက်နက်ကိုင် တရားမဲ့ပြုလုပ်မှု ဟူသမျှ ဘယ်အုပ်စု၊ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် အားမပေး၊ မကူညီ၊ ဆန့်ကျင်ကြရင် အမြန်ငြိမ်းချမ်းမှာ ဖြစ်**
- **အရင်းစစ်တော့ အမြစ်မြေကဆိုသလို နိုင်ငံတိုးတက်သင့်သလောက် မတိုးတက်ခဲ့တာ၊ စီးပွားရေး ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့တာ အခြေခံကျတဲ့ အဓိကအချက်က (ဝါဒရေး၊ လူမျိုးရေး၊ ကိုယ်ကျိုး) လက်နက်ကိုင် ဆူပူခြိမ်းခြောက်မှုတွေရဲ့ နှစ်ပေါင်းများစွာ ဖိစီးမှုက တစ်ခုအပါအဝင်ဖြစ်**

ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ တည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေးတို့အတွက် ရည်မှန်းချက်ထားပြီး ဆက်လက်ဆောင်ရွက်သွားမယ်လို့လည်း နိုင်ငံတော်အကြီးအကဲက ပြောကြားထားပါတယ်။ ဒီနှစ်ခုကလည်း အပြန်အလှန်ဆက်စပ်နေပြီး တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်တဲ့အခါ အဓိကလိုအပ်ချက်ကတော့ ငြိမ်းချမ်းရေး ဖြစ်ပါတယ်။

နိုင်ငံတိုးတက်ချင်ရင် အေးချမ်းလုံခြုံရမှာ အခြေခံလိုအပ်ချက် ဖြစ်ပါတယ်။ ပြည်သူတွေက ငြိမ်းချမ်းရေးရဲ့ လေးနက်တဲ့ အဓိကကျမှု၊ အရေးပါမှုကို လက်ခံသိမြင်ပြီး လက်နက်ကိုင် တရားမဲ့ပြုလုပ်မှု ဟူသမျှ ဘယ်အုပ်စု၊ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် အားမပေး၊ မကူညီ၊ ဆန့်ကျင်ကြရင် အမြန်ငြိမ်းချမ်းမှာ ဖြစ်ပါတယ်။

ဘာကြောင့်ပဲ အကြောင်းပြပြ ပြည်သူလူထုကူညီနေရင် လက်နက်ကိုင်ပဋိပက္ခတွေက တာရှည်နေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ခက်ခဲနေမှာ ဖြစ်ပါတယ်။ ကြိုးကိုမဖြုတ်ဘဲ လှေကိုလှော်နေရင် လှေက ကမ်းကမခွာ၊ လှေသမားမောရုံသာရှိမှာ ဖြစ်ပါတယ်။

အရင်းစစ်တော့ အမြစ်မြေကဆိုသလို နိုင်ငံတိုးတက်သင့်သလောက် မတိုးတက်ခဲ့တာ၊ စီးပွားရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့တာ အခြေခံကျတဲ့ အဓိကအချက်က (ဝါဒရေး၊ လူမျိုးရေး၊ ကိုယ်ကျိုး) လက်နက်ကိုင် ဆူပူခြိမ်းခြောက်မှုတွေရဲ့ နှစ်ပေါင်းများစွာ ဖိစီးမှုက တစ်ခုအပါအဝင်ဖြစ်ပါတယ်။

**ဒုက္ခအရောက်ဆုံးက ပြည်သူတွေပါပဲ**

ငြိမ်းချမ်းရေးရရှိသွားတဲ့ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတွေက မျက်စိအောက်မှာတင် ဖွံ့ဖြိုးတိုးတက်သွားကြပါတယ်။ မလေးရှားနိုင်ငံလည်း ကွန်မြူနစ်သူပုန်တွေကို ရှင်းလင်းပြီးမှ ဖွံ့ဖြိုးမှုအရှိန်အဟုန်ပိုကောင်းလာခဲ့တာ ဖြစ်ပါတယ်။ ဆူဆူပူပူတိုက်ခိုက်နေကြရတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြားမှာ ဒုက္ခအရောက်ဆုံးက ပြည်သူတွေပါပဲ။ ပြည်သူတွေပဲ မြေစာပင်၊ မွဲချာနိမ့်ကျ ခေတ်နောက်ကျ ကျန်ရစ်နေခဲ့ကြရတာ ဖြစ်ပါတယ်။

အနောက်နိုင်ငံအချို့အနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာပြည်သူ လူထုအကျိုးကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မယ့် အစိုးရ၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မယ့် အစိုးရဆိုတာမျိုးထက် သူတို့ကြိုးကိုင်ခြယ်လှယ်လို့ရမယ့် အစိုးရမျိုးတက်လာတာ၊ ရှိနေတာကိုပဲ လိုချင်မှာဖြစ်ပါတယ်။

စစ်ရေးနည်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခကို မီးမွှေးခြင်းက အဖျက်သက်သက် ရည်ရွယ်ချက်ဖြစ်ပါတယ်။ ပြတ်ပြတ်သားသား ဆန့်ကျင်ကြမှ ပြည်သူတွေ အေးချမ်းလုံခြုံဘေးကင်းမှာ ဖြစ်ပါတယ်။ တိုင်းပြည်တစ်ခုမှာ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် နိုင်ငံရေးတည်ငြိမ်အေးချမ်းရမှာ ဖြစ်ပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးက လူသားအားလုံးအတွက် ငြိမ်းချမ်းမှုနဲ့ သဟဇာတဖြစ်ရေးကို ပေးစွမ်းနိုင်တဲ့ မြတ်ဗုဒ္ဓရဲ့ အကောင်းဆုံးဘဝနေနည်း လမ်းညွှန်ချက်တွေ ဖြစ်ပါတယ်။

လက်ရှိနိုင်ငံတော်မှာ ဖြစ်ပွားနေတဲ့ကိစ္စရပ်တွေဟာ ဒီမိုကရေစီ မရင့်ကျက်သေးတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ကိစ္စရပ်တွေသာဖြစ်ပြီး ယမ်းငွေ့တွေအစား နှင်းငွေ့တွေဝေနေတဲ့ အေးချမ်းသာယာတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခု ပေါ်ထွန်းလာဖို့ ဗြဟ္မစိုရ်တရားလေးပါးနဲ့ အညီ အကြောင်းအကျိုး တရားမျှတညီညွတ်တဲ့ ဆင်ခြင်တုံတရားနဲ့ ပကတိအရှိတရားကိုလက်ခံပြီး အားလုံးနားလည်လက်တွဲနိုင်ကြပါစေလို့ ဆန္ဒပြုရေးသား တင်ပြလိုက်ရပါတယ်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂,၈၅၃ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၉၃ ဦး တွေ့ရှိ

## အောက်တိုဘာ ၁၉ ရက်အထိ လူဦးရေ ၁၂,၀၀၃,၂၀၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီး

### ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၉–၁၀–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀–၁၀–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၂,၈၅၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၉၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၆ ဒသမ ၉၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၆၇၄,၁၀၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၀,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၀၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၄၃,၇၁၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၈) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၄၄၄) ဦးရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉–၁၀–၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၁၂,၀၀၃,၂၀၀)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၄,၉၈၄,၃၃၅) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၇,၀၁၈,၈၆၅)ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၉–၁၀–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၁၆,၉၈၇,၅၃၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၀-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | ၁,၈၄၉ | ၂၂၉ |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | ၅၁ | ၁၀ |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၇၄၈ | ၂၁ |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၇၁ | ၁၃ |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | ၃၇ | ၁၆ |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | ၉၉၁ | ၂ |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၈၃၁ | ၆၄ |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၈,၂၇၅ | ၅၃၈ |
| စုစုပေါင်း | ၁၂,၈၅၃ | ၈၉၃ |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၉-၁၀-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၇,၀၁၈,၈၆၅) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၄,၉၈၄,၃၃၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၂,၀၀၃,၂၀၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၆,၉၈၇,၅၃၅) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၉၉၆၅၀၇ | ၃၅၇၁၀၃၃၁ | ၇၄၈၆၅၂ |
| ၂။ | အိန္ဒိယ | ၃၄၁၁၁၇၆၉ | ၃၃၄၇၈၂၄၇ | ၄၅၂၇၁၄ |
| ၃။ | ဘရာဇီး | ၂၁၆၆၄၈၇၉ | ၂၀၈၃၈၁၈၈ | ၆၀၃၉၀၂ |
| ၄။ | ဗြိတိန် | ၈၅၄၁၁၉၂ | ၆၉၉၁၉၀၉ | ၁၃၈၈၅၂ |
| ၅။ | ရုရှား | ၈၀၉၄၈၂၅ | ၇၀၆၅၇၁၂ | ၂၂၆၃၅၃ |
| ၆။ | တူရကီ | ၇၇၁၄၃၇၉ | ၇၁၄၃၆၅၇ | ၆၈၀၆၀ |
| ၇။ | ပြင်သစ် | ၇၀၉၆၀၄၃ | စိစစ်ဆဲ | ၁၁၇၃၅၅ |
| ၈။ | အီရန် | ၅၈၂၁၇၃၇ | ၅၃၆၁၁၈၉ | ၁၂၄၅၈၅ |
| ၉။ | အာဂျင်တီးနား | ၅၂၇၄၇၆၆ | ၆၁၄၁၂၈၈ | ၁၁၅၇၃၇ |
| ၁၀။ | စပိန် | ၄၉၉၀၇၆၇ | ၄၈၄၂၅၁၆ | ၈၇၀၅၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၃၇၂၀၁ | ၄၀၇၇၇၄၈ | ၁၄၃၀၇၇ |
| ၂။ | ဖိလစ်ပိုင် | ၂၇၃၅၃၆၉ | ၂၆၂၇၃၃၁ | ၄၀၉၇၇ |
| ၃။ | မလေးရှား | ၂၄၀၁၈၆၆ | ၂၂၈၇၈၈၈ | ၂၈၀၆၂ |
| ၄။ | ထိုင်း | ၁၈၁၁၈၅၂ | ၁၆၈၉၈၅၉ | ၁၈၄၈၆ |
| ၅။ | ဗီယက်နမ် | ၈၇၃၉၀၁ | ၇၉၆၅၈၃ | ၂၁၄၁၆ |
| ၆။ | မြန်မာ | ၄၉၀၉၀၁ | ၄၄၃၇၁၉ | ၁၈၄၄၄ |
| ၇။ | စင်ကာပူ | ၁၅၄၇၂၅ | ၁၂၇၅၇၁ | ၂၄၆ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၇၂၀၁ | ၁၁၁၆၉၀ | ၂၆၉၃ |
| ၉။ | လာအို | ၃၃၆၀၆ | ၂၆၄၆၆ | ၄၇ |
| ၁၀။ | ဘရူနိုင်း | ၁၁၃၈၆ | ၈၆၁၉ | ၇၈ |

နှလုံးသားကို ဖြူစင်အောင်ထားပါ

# ဘဝကို တိုက်ပွဲလို့ခံယူလိုက်တိုင်း တိုက်ပွဲတိုင်း အရှုံးနဲ့ပဲရင်ဆိုင်ရပါလိမ့်မယ်

## ကျော်ကျော်လှိုင်

(၇-၁၀-၂၀၁၂ ရက်နေ့မှ အဆက်)

ကျွန်တော်တို့ သန္နိဋ္ဌာန်ချလို့ရပါတယ်။ "ဘယ်သူကမှ ငါ့ကို စိတ်အနှောင့်အယှက်ပေးလို့မရဘူး"လို့ စိတ်ဆုံးဖြတ်လိုက်ပါ။ အငှားကားမောင်းတဲ့သူ၊ မီတာငွေဆောင်တဲ့ရုံးက ငွေလက်ခံသူ၊ စားသောက်ဆိုင်က စားပွဲထိုး ဘယ်သူကမှ ငါ့ရဲ့နေ့ကို ဖျက်ဆီးလို့ မရဘူးလို့ သန္နိဋ္ဌာန်ချလိုက်ပါ။ အငှားကားမောင်းတဲ့သူနဲ့ စကားများရတာကို ပြဇာတ်တစ်ပုဒ်အဖြစ် မဖန်တီးဘူးလို့ ဆုံးဖြတ်လိုက်ပါ။

**မိမိရဲ့ အတွေးတွေကိုပြောင်းပါ။**

**ဘာကြောင့်လဲ**

၁။ ပတ်ဝန်းကျင်ကို မိမိက ပြောင်းလဲလို့ မရပါဘူး။ ဥပမာ ရာသီဥတု၊ လူတွေရဲ့အတွေးအခေါ်၊ အရေးကြီးဆုံးက မိမိရဲ့ အတွေးအခေါ်ကို ပြောင်းလဲပစ်ဖို့ပါပဲ။

၂။ ပြင်ပအရာတွေက မိမိကို ပျော်ရွှင်မှုမပေးနိုင်ပါဘူး။ တချို့က ဆိုပါတယ်။ "ငါ့မှာ iPhone 4s ရှိရင် ငါတော့ပျော်ပြီ။" မှားပါတယ်။ အလွန်ဆုံးပျော်ရင် သုံးရက်ပေါ့။ ပြီးရင်တော့ စိတ်ညစ်စရာ၊ စိတ်ဆိုးစရာ တစ်ခုခုပေါ်လာဦးမှာပါ။ ပြိုင်ကားတစ်စီးလောက်များရခဲ့ရင်လို့ တွေးကြည့်ဖူးမှာပါ။ ရရင် ဘယ်လောက်ပျော်လိုက်မလဲလို့။ ပြိုင်ကားက မိုးပေါ်ကနေ ကျလာပြီး City Mart သွားတယ်ဆိုပါစို့။ ကားရပ်တဲ့နေရာမှာ ချာတိတ်တစ်ယောက်က ကားကို သံချွန်နဲ့ခြစ်သွားတယ်။ "ခွေးမသားလေးကို မမိမချင်း ငါပျော်မှာမဟုတ်ဘူး၊ ရအောင်ဖမ်းမယ်" စိတ်ဖြစ်သွားပါလိမ့်မယ်။

စာဖတ်သူကို လွန်ခဲ့တဲ့ ခုနစ်ရက်အတွင်း အရမ်းစိတ်အနှောင့်အယှက်ဖြစ်စေတဲ့အရာတွေကို ဖြည်းဖြည်းစဉ်းစားကြည့်ပါ။

၁။ ချစ်သူက မွေးနေ့ကို မေ့နေတယ်။

၂။ ဘတ်စ်ကားပေါ်မှာ နောက်ကနေ လူတစ်ယောက်ကနင်းလို့ ဖိနပ်ပျက်တယ်။

၃။ သူငယ်ချင်းက ချေးထားတဲ့ငွေ ပြန်ဆပ်မယ်ဆိုပြီး မဆပ်ဘူး။

သေသေချာချာစဉ်းစားကြည့်ရင် သုံးချက်စလုံးက စိတ်အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး။ မိမိစိတ်က မိမိကို စိတ်အနှောင့်အယှက်ပေးတာပါ။

၁။ ချစ်သူက မွေးနေ့ကိုမေ့နေတယ်။ ဘာဖြစ်လဲ။ ဘာမှမဖြစ်ပါဘူး။ ကိုယ့်ချစ်သူရဲ့ စိတ်ကိုသိရတာပေါ့။ ဒီအတွက်မခံစားပါနဲ့။

၂။ ဖိနပ်ပျက်သွားတယ်။ ဒေါသမဖြစ်ပါနဲ့။ မတန်ပါဘူး။ ဖိနပ်အသစ်ရတာပေါ့။

၃။ သူငယ်ချင်းက ငွေပြန်မဆပ်ဘူး။ ဘာဖြစ်လဲ။ ဘာမှမဖြစ်ဘူး။ သူငယ်ချင်းရဲ့ စိတ်ကိုသိရတာ အမြတ်ပေါ့။ ဝမ်းမနည်းပါနဲ့။

စာဖတ်သူက ပြောပါလိမ့်မယ်။ "ပြောတာလွယ်လိုက်တာ။ လက်တွေ့ကျရင် လူတိုင်း စိတ်အနှောင့်အယှက်ဖြစ်မှာပဲ"။ ဟုတ်ပါတယ်။ လူတိုင်းက ဘဝမှာ စိတ်မထားတတ်လို့ စိတ်အနှောင့်အယှက်တွေဖြစ်ပြီး ပျော်ရွှင်မှုနဲ့ ဝေးနေရတာပါ။ ပုထုဇဉ်ပဲ။ ရုတ်တရက်တော့ စိတ်အနှောင့်အယှက် ဖြစ်မှာပေါ့။ သတိထားလိုက်ပါ။ ဘယ်သူမှ ငါ့ရဲ့ပျော်ရွှင်မှုကို နှောင့်ယှက်လို့မရဘူးလို့ သတိထားလိုက်တာနဲ့ အတွေးပြောင်းသွားပါလိမ့်မယ်။

**စိတ်အေးချမ်းသာယာမှု ဘာကြောင့်လိုတာလဲ**

ချစ်ခြင်းမေတ္တာကို လူတိုင်းအလိုရှိပါတယ်။ ဘဝမှာ လူတိုင်းလိုလို ချစ်ခြင်းမေတ္တာကို များများလိုချင်ကြပါတယ်။ ချစ်ခြင်းမေတ္တာကိုလိုချင်ရင် စိတ်အေးချမ်းသာယာမှုကို ရအောင်လုပ်ရပါမယ်။ ဘာကြောင့်လဲလို့မေးရင် ချစ်ခြင်းမေတ္တာနဲ့ စိတ်အေးချမ်းသာယာမှုဟာ ခွဲခြားမရလို့ပါ။ ချစ်ခြင်းမေတ္တာဆိုတာ စိတ်ခံစားမှုသက်သက် မဟုတ်ပါဘူး။ ချစ်ခြင်းမေတ္တာဆိုတာ ချစ်သူမိန်းကလေး (သို့) ချစ်သူယောကျ်ားလေးကို ပိုင်ဆိုင်တာမဟုတ်ပါဘူး။ ချစ်ခြင်းမေတ္တာဆိုတာက အရှုံး၊ အမြတ်မပါတဲ့ ဆက်ဆံရေးပါ။ ချစ်ခြင်းမေတ္တာစစ်မှန်ရင် စိတ်အေးချမ်းသာမှုကို ရပါလိမ့်မယ်။ စိတ်အေးချမ်းသာမှုကိုရတိုင်း ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ပါလိမ့်မယ်။

စိတ်ချမ်းသာမှုကို စိတ်ငြိမ်ဆေးကနေ မရနိုင်ပါဘူး။ စိတ်အေးချမ်းသာမှုဆိုတာ မျှတမှုပါ။

ကိုယ်ခံပညာရဲ့ သင်ခန်းစာ (၁) က ဟန်ချက်ညီတာ၊ မျှတတာပါ။ ကရာတေးပညာမှာ အားတွေက ဟန်ချက်ညီတာနဲ့ စိတ်ငြိမ်မှုအပေါ်မှာ မူတည်တယ်ဆိုတာ ပြောထားပါတယ်။ စိတ်မထိန်းနိုင်တဲ့သူက ရှုံးတဲ့သူပါပဲ။ ဂေါက်သီးရိုက်သမားတိုင်း ဟန်ချက်ညီရမယ်၊ မျှတရမယ်ဆိုတာ နားလည်ပါတယ်။ ဟန်ချက်မညီတဲ့ အားထည့်မှုတိုင်းက မှားယွင်းတဲ့ရိုက်ချက်ပဲ ဖြစ်ပေါ်စေပါတယ်။ စိတ်ငြိမ်ငြိမ်ထားပြီး ဟန်ချက်ညီတဲ့လွှဲချက်တိုင်းက ဂေါက်သီးကို ဝေးဝေးနဲ့လိုတဲ့နေရာကို ရောက်စေပါတယ်။ ဟန်ချက်ညီတာ၊ မျှတတာ(သို့) စိတ်အေးချမ်းသာမှု၊ စိတ်ငြိမ်ငြိမ်ထားနိုင်မှုက ကြီးမားတဲ့အားကို ဖြစ်စေပါတယ်။

စိတ်အေးချမ်းသာမှု၊ စိတ်ငြိမ်ငြိမ်ထားမှုဆိုတာ အိပ်ငိုက်နေတဲ့စိတ်မဟုတ်ပါဘူး။

စိတ်အေးချမ်းသာမှု၊ စိတ်ငြိမ်ငြိမ်ထားနိုင်မှုဆိုတာ အားတွေကို စုစည်းတာပါ။ အားတွေနဲ့ အပြိုင်တိုက်ခိုက်တာ မဟုတ်ပါဘူး။ စိတ်အေးချမ်းသာမှု၊ စိတ်ငြိမ်ငြိမ်ထားနိုင်မှုဆိုတာ အသေးစိတ်တွေကို ဂရုစိုက်တာ မဟုတ်ပါဘူး။ အားလုံးကိုခြုံငုံပြီး မြင်အောင်ကြည့်နိုင်တာပါ။

**အကြွေးမရှိတော့ရင် ကျွန်တော့်စိတ်တွေ ပိုပြီးစိတ်အေးချမ်းသာမယ်။**

ကိုမောင်မောင်က ပြောပါတယ်။ "ကျွန်တော့် အကြွေးတွေကို အကြေဆပ်ပြီးမှ စိတ်အေးချမ်းသာမှုကို ရှာနိုင်မယ်"။ ကြားရတာ သီအိုရီအရ ကောင်းပါတယ်။ လက်တွေ့မှာအဖြေတွေက ဘယ်တော့မှ မကောင်းပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘဝရဲ့အဓိပ္ပာယ်က အကြွေးတွေကို ကြေအောင်ဆပ်ဖို့ မဟုတ်သလို ကားအသစ်ဝယ်စီးတာလည်း မဟုတ်လို့ပါ။

ကျွန်တော်တို့ ကမ္ဘာကြီးပေါ်မှာ လူဖြစ်လာတာ တစ်ယောက်နဲ့ တစ်ယောက် ကူညီဖို့ပါ။ လောကကြီးကလည်း ဒါကို ထောက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ –

❖ အများကောင်းကျိုးကို လုပ်ရတဲ့အခါ၊ သူတစ်ပါးကို ကူညီရတဲ့အခါ

> **တစ်နေ့ကို ဂေါက်သီးအလုံး ၂၀၀ ရိုက်ပါတယ်။ နေ့စဉ်ရိုက်ပါတယ်။ ပင်ပန်းတာပဲ အဖတ်တင်ပါတယ်။ ဂေါက်သီးကတော့ သိသိသာသာတိုးတက်မလာပါ။ ဂေါက်သီးရိုက်မယ့်နေ့မှာ စိတ်လျှော့ပြီး စိတ်အေးအေးထားနိုင်တဲ့အချိန်တိုင်း ဂေါက်သီးကောင်းတာကို စာရေးသူ သတိထားမိလာပါတယ်။ ဘဝဆိုတာ တိုက်ပွဲပဲလို့ယူဆရင် တစ်ချိန်လုံး တိုက်ခိုက်ရပါလိမ့်မယ်။ စိတ်ကို လျှော့တတ်ဖို့၊ စိတ်အေးချမ်းသာယာမှုကို ရှာတတ်ဖို့ အရေးကြီးပါတယ်**

အပျော်ဆုံးဖြစ်ပါတယ်။

❖ ဘဝမှာ မိမိရဲ့ကိုယ်ကျိုးတစ်ခုတည်းအတွက် စဉ်းစားတဲ့သူက အထီးအကျန်ဆုံးလူပါပဲ။

❖ မိမိကိုယ်ကျိုးတစ်ခုတည်းစဉ်းစားပြီး ဘဝကိုနေထိုင်နေမယ်ဆိုရင် ဒီကမ္ဘာကြီးနဲ့ သင်မတန်ပါ။ အမြန်သာ တခြားဂြိုဟ်ကိုရွှေ့ပါ။

ကိုမောင်မောင်က ပြောပါတယ်။ "ကျွန်တော့်မှာ နေစရာအိမ်တစ်လုံးနဲ့ ဝင်ငွေမှန်မှန်ရတဲ့ ရင်းနှီးမြှုပ်နှံမှုလေးရှိရင် ဘဝမှာ လုံခြုံစိတ်ချရပါပြီ၊ ပင်စင်ယူလို့ရပါပြီ။" မှားပါတယ် ကိုမောင်မောင်၊ ဘယ်အိမ်မှ စိတ်မချရပါဘူး။ အထူးသဖြင့် မီးဘေးပါ။ ဘဏ်တွေတောင် ပြိုလဲနိုင်ရင် ဘယ်လိုရင်းနှီးမြှုပ်နှံမှုကမျှ စိတ်ချလို့မရပါဘူး၊ လုံခြုံမှုဆိုတာ ပစ္စည်းတွေ၊ အရာဝတ္ထုတွေအပေါ်မှာအားကိုးရင် မှားသွားပါလိမ့်မယ်။ ဒုက္ခာရီဖြစ်သွားပါလိမ့်မယ်။ တကယ့်လုံခြုံစိတ်ချရမှုက မိမိစိတ်ထဲမှာရှာမှ ရပါတယ်။

ဒါဆိုရင် "မသေချာတဲ့ လောကကြီးနဲ့ ဘယ်လိုဆက်ဆံရမလဲ။" ဖြစ်လာတာကို လက်ခံပါ။ ပျော်အောင်နေပါ။ "လက်ရှိပျော်ရွှင်မှုတွေဟာ ပျောက်ဆုံးသွားနိုင်တယ်ဆိုတာ လက်ခံထားပါ။" ဘာပဲ ဖြစ်လာဖြစ်လာ၊ ဘယ်လိုဘဝနဲ့ပဲ ကြုံတွေ့ရပါစေ ရင်ဆိုင်မယ်လို့ သန္နိဋ္ဌာန်ချထားပါ။ "တစ်အိမ်လုံး မီးလောင်သွားရင် အိမ်အသစ်ရမယ်၊ အလုပ်ဖြုတ်ခံရရင် အလုပ်သစ်ရမယ်၊ သေလောက်အောင်ရောဂါဖြစ်ရင် သေရမယ်"ဆိုတဲ့ အတွေးရှိနေရင် ဘယ်အရာကမျှ ကိုယ့်ကို စိတ်ညစ်အောင်လုပ်လို့ မရပါဘူး။

စာရေးသူက ဒီလိုပြောလို့ ပေါ့ပေါ့တွေးတယ်မထင်ပါနဲ့။ ဒါတကယ်ဖြစ်နိုင်တာပါ။ ကမ္ဘာပေါ်မှာရှိတဲ့လူတိုင်း သေရမှာပါ။ သေသွားတဲ့သူတွေလည်း မရေမတွက်နိုင်အောင်ပါပဲ။ သေရမှာကို တစ်ချိန်လုံးကြောက်ပြီးတော့ ဘဝကို အသက်မရှင်သင့်ပါဘူး။

**စိတ်အေးချမ်းသာမှုကို ဘယ်လိုရှာမလဲ။**

မိမိရဲ့စိတ်ဓာတ်နဲ့လည်း ဆိုင်ပါတယ်။ နေ့စဉ် မိမိရဲ့စိတ်ကို စိတ်ထားတတ်အောင် လေ့ကျင့်ဖို့လိုပါတယ်။

စိတ်အေးချမ်းသာမှုကို ရနေတဲ့သူတွေကို လေ့လာကြည့်ရင် သူတို့တွေဟာ နေ့စဉ် စိတ်အေးချမ်းသာမှုကိုရဖို့ လေ့ကျင့်တာ တွေ့ရပါတယ်။ တချို့က တရားထိုင်တယ်၊ ယောဂကျင့်တယ်၊ မနက်စောစောလမ်းလျှောက်တယ်စသဖြင့် မှန်မှန်လုပ်ကြပါတယ်။ စိတ်ငြိမ်ပြီး အနှောင့်အယှက်ကင်းတဲ့နေရာမှာ လုပ်ကြပါတယ်။ မိမိရဲ့စိတ်ထဲကို ဝင်ကြည့်လေ မိမိရဲ့ ပြင်ပအသွင်သဏ္ဌာန်ကို မြင်ရလေပါပဲ။ စိတ်အေးချမ်းသာယာမှုကို ရှာတဲ့လူတွေနဲ့ တွေ့ဆုံမေးမြန်းကြည့်တဲ့အခါ –

❖ ကျွန်တော် ခေါင်းအမြဲကိုက်နေတာ ပျောက်သွားပြီ။

❖ ကျွန်တော့်ရဲ့ စီးပွားရေးတွေ ပိုကောင်းလာတယ်။

❖ ကျွန်တော် ဂေါက်သီးရိုက်ချက်တွေ ပိုကောင်းလာတယ်။

❖ ကျွန်တော် ခါးနာ ပျောက်သွားတယ်။

❖ ကျွန်တော်တို့ရဲ့ အိမ်ထောင်ရေး သာယာလာတယ်ဆိုတာတွေ ကြားရပါတယ်။

တကယ်တော့ စိတ်အေးချမ်းသာမှုကိုရတဲ့အခါ အတွေးအခေါ်တွေ ပြောင်းသွားလို့ပါ။ ငယ်စဉ်ကတည်းက ကျွန်တော်တို့မိဘတွေ၊ ဆရာတွေက "လုပ်ဖို့" ပဲ သင်ခဲ့ပါတယ်။ စာကျက်ပါ။ အိမ်စာလုပ်ပါ။ အားကစားလုပ်ပါ။ ကောင်းပါတယ်။ လုပ်တာကောင်းပါတယ်။ ဒါပေမဲ့ တိုက်ခိုက်ဖို့တော့ မလိုပါဘူး။ ကျွန်တော်တို့က မဖြစ်ဖြစ်အောင် ဇွတ်လုပ်မယ်၊ အတင်းအကျပ်တိုက်ခိုက်ပြီး လုပ်မယ်လို့ သင်ကြားခဲ့ရတဲ့အတွက်ကြောင့်ပါ။ ဇွတ်လုပ်တဲ့အခါ၊ အတင်းအကျပ်လုပ်တဲ့အခါ ပင်ပန်းတာပဲ အဖတ်တင်ပြီး အရာမထင် ဖြစ်တတ်ပါတယ်။

စာရေးသူ ဂေါက်သီးရိုက်တတ်ခါစက များများလေ့ကျင့်ရင် ဂေါက်သီးကောင်းလာမယ်လို့ ထင်ပါတယ်။

တစ်နေ့ကို ဂေါက်သီးအလုံး ၂၀၀ ရိုက်ပါတယ်။ နေ့စဉ်ရိုက်ပါတယ်။ ပင်ပန်းတာပဲ အဖတ်တင်ပါတယ်။ ဂေါက်သီးကတော့ သိသိသာသာ တိုးတက်မလာပါ။ ဂေါက်သီးရိုက်မယ့်နေ့မှာ စိတ်လျှော့ပြီး စိတ်အေးအေးထားနိုင်တဲ့အချိန်တိုင်း ဂေါက်သီးကောင်းတာကို စာရေးသူ သတိထားမိလာပါတယ်။ ဘဝဆိုတာ တိုက်ပွဲပဲလို့ ယူဆရင် တစ်ချိန်လုံး တိုက်ခိုက်ရပါလိမ့်မယ်။ စိတ်ကို လျှော့တတ်ဖို့၊ စိတ်အေးချမ်းသာယာမှုကို ရှာတတ်ဖို့ အရေးကြီးပါတယ်။

လူငယ်လေးတစ်ယောက်က ကရာတေး အကျော်အမော်ဆရာကြီးဆီမှာ ကရာတေးသင်ဖို့ သွားပါတယ်။ လူငယ်လေးက ဆရာကြီးကို –

လူငယ်လေး ။ ။ကျွန်တော်ကမ္ဘာပေါ်မှာ အကောင်းဆုံးကရာတေးသမားဖြစ်ချင်တယ်။ဘယ်လောက်ကြာကြာ သင်ရမလဲ။

ဆရာကြီး ။ ။ ၁၀နှစ်။

လူငယ်လေး ။ ။ ကျွန်တော် နေ့ရောညရော မနားမနေ သင်ပါမယ်။ ဘယ်လောက်ကြာမလဲ။

ဆရာကြီး ။ ။ အနှစ် ၂၀။

လူတော်တော်များများက လက်ရှိဘဝကို မကျေနပ်ကြပါ။ မကျေနပ်တဲ့အပြင် အချိန်တော်တော်များများကို ပြီးခဲ့တာတွေအတွက် နောင်တရချင်ရနေမယ် (သို့) ကြည်နူးချင် ကြည်နူးနေပါလိမ့်မယ်။ မလာသေးတဲ့အနာဂတ်ကိုလည်း မျှော်လင့်ချက်ကြီးစွာထားလေ့ရှိပါတယ်။

လက်ရှိဘဝကို ဖြတ်သန်းတဲ့အခါ ကြိုးတန်းလျှောက်သလိုပါပဲ။ သတိမထားရင်တော့ ပြုတ်ကျပါလိမ့်မယ်။ လေ့ကျင့်မယ်ဆိုရင်တော့ ကြိုးတန်းပေါ်မှာ ဟန်ချက်ညီညီနဲ့ တာရှည်နေနိုင်ပါလိမ့်မယ်။ လက်ရှိဘဝကို ဖြတ်သန်းတဲ့အခါ အထက်ပါအရေးကြီးတဲ့ အချက်နှစ်ချက်ကို ဂရုစိုက်ပါ။ **(ဆက်လက်ဖော်ပြပါမည်)**

(ဆရာကျော်ကျော်လှိုင်၏ "နှလုံးသားကို ဖြူစင်အောင်ထားပါ" စာအုပ်မှ "ဘဝကိုတိုက်ပွဲလို့ခံယူလိုက်တိုင်း တိုက်ပွဲတိုင်းအရှုံးနဲ့ပဲ ရင်ဆိုင်ရပါလိမ့်မယ်" ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။စာတည်း)

## ဘားမဲတောင်သဘာဝဥယျာဉ် ဖော်ဆောင်နေမှုများ ကြည့်ရှုစစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၀**
ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် ပြည်နယ်ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်း ဖွင့်လှစ်သည့် ဘော်လီဘောနည်းပြနှင့် ဒိုင်သင်တန်း ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခန့်က ဘားအံမြို့ လှာကမြင်အားကစားကွင်း မိုးလုံလေလုံအားကစား ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့် ပြည်နယ်ဝန်ကြီးများက သင်တန်းသား သင်တန်း သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

**မွေးမြူရေးသင်တန်းများဖွင့်လှစ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများသည် မွေးမြူရေးကိုအခြေခံ၍ ကုန်ထုတ် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘားအံစက်မှုဇုန်အနီး၌ မွေးမြူရေးဇုန်ဖော်ထုတ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြင့်ဟန်တို့က လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးသင်တန်းများ ဖွင့်လှစ်ဆွေးနွေးပို့ချပေး သွားရန်နှင့် လိုအပ်သည်များမှာကြားကာ ဇုန်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများသည် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဘားမဲတောင်ကို သဘာဝဥယျာဉ်အဖြစ် အဆင့်မြှင့် တင်ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး ရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူ၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေး မှူး ဦးပြည့်စုံမျိုးနှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ခဲ့ကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန် မှာကြားကာ ဘားမဲတောင် သဘာဝဥယျာဉ်တွင် သဘာဝအလျောက် ပေါက်ရောက်နေသည့် အပင် အမျိုးအစားများ၊ နားနေဆောင်၊ View Point၊ တောင်ပတ်လူသွား ကွန်ကရစ်လျှောက်လမ်းများ၊ အများသုံးသန့်စင်ခန်းများနှင့် အုတ်ရေမြောင်းများ ဆောင်ရွက်ပြီးစီးမှု၊ ကလေးကစားကွင်းနှင့် ယာဉ်ရပ်နားရာနေရာ တည်ဆောက်မည့်မြေနေရာ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





## ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၇) သို့ တက်ရောက်မည့် ဆရာ ဆရာမများနှင့် တွေ့ဆုံ

**မော်လမြိုင် အောက်တိုဘာ ၂၀**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော် လင်းထွန်းသည် ပြည်နယ်ဝန်ကြီး များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့်အတူ ယမန်နေ့နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ဖက်တန်း ရပ်ကွက် ပြည်နယ်ခန်းမ၌ ပြုလုပ် သည့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံ ပညာ ဆရာ ဆရာမများ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၆၇) သို့တက်ရောက်မည့်ဆရာ ဆရာမ များနှင့် တွေ့ဆုံသည်။

**နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံ**

ပြည်နယ်ဝန်ကြီးချုပ်က မိမိ တို့၏ ရည်မှန်းချက်တာဝန်များကို ကဏ္ဍများခွဲကာ စနစ်တကျဖြင့် ပညာသင်ကြားမှသာ ပညာရေး လုပ်ငန်းများတွင် ခိုင်မာစွာ ရပ်တည် နိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းအစ အခြေခံကျောင်းကဆိုသည်နှင့် အညီ ပညာရေးဖြင့်သာ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် နာယက ဂုဏ်ခြောက်ပါးနှင့်ပြည့်စုံရမည့် အပြင် အမျိုး၊ ဘာသာ၊ သာသနာ ကို ချစ်မြတ်နိုးစိတ်များဖြင့် ပညာ ရပ်များကို သင်ကြားပို့ချနိုင်ပါစေ ကြောင်း ပြောကြားသည်။

**ဆရာ ဆရာမ ၄၉ ဦး တက်ရောက်**

မွန်ပြည်နယ်သည် တက္ကသိုလ် ဝင်စာမေးပွဲကို နှစ်စဉ်အောင်ချက် ရာခိုင်နှုန်း မြင့်မားတိုးတက် ကောင်းမွန်သည့် ပြည်နယ်တစ်ခု ဖြစ်သည်နှင့်အညီ ပညာရေး ကဏ္ဍ ပိုမိုတိုးတက်စေရေးအတွက် သင်တန်းများ စေလွှတ်သင်ကြား ပေးလျက်ရှိသကဲ့သို့ လိုအပ်သည် များကိုလည်း ထောက်ပံ့ဆောင် ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါ သင်တန်းကိုလေးပတ်ကြာ ဖွင့်လှစ် သင်ကြားပေးမည် ဖြစ်ကာ အထက်တန်းအဆင့် ငါးဦး၊ အလယ်တန်းအဆင့် ၁၂ ဦး၊ မူလတန်းအဆင့် ၃၂ ဦး စုစုပေါင်း ဆရာ ဆရာမ ၄၉ ဦးတို့ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

## တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်း

**ချင်းရွှေဟော် အောက်တိုဘာ ၂၀**
တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား အမျိုးသား ၆၂ ဦးနှင့် အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၈၃ ဦးတို့အား ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နယ်စပ်စစ်ဆေးရေး ဂိတ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားစောင့်လူဝင်မှုစစ်ဆေးရေး ဌာနမှ ရဲမှူးကျန်းကျင်းကွေးဦးဆောင်သောအဖွဲ့က လာရောက်လွှဲပြောင်း ပေးသည်။

ပြန်လည်လွှဲပြောင်းပေးခဲ့သည့် မြန်မာနိုင်ငံသား ၈၃ ဦးအား ချင်းရွှေဟော်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိ သူများ၏ စစ်ဆေးချက်အရ ၎င်းတို့မှာ လူကုန်ကူးခံရသည့်ဖြစ်စဉ်များ မရှိကြောင်း စိစစ်တွေ့ရှိရသည်။

မြန်မာနိုင်ငံသားများအား စိစစ်မေးမြန်းပြီးနောက် လတ်တလော ရောဂါလက္ခဏာများမတွေ့ရှိရသော်လည်း တရုတ်နိုင်ငံမှပြန်လာသူ များဖြစ်၍ ကိုဗစ်-၁၉ ကော်မတီ၏ စောင့်ကြည့်စစ်ဆေးမှုခံယူရန် ရပ်ကွက် (၃) ရှိ အခြေခံပညာအထက်တန်းကျောင်း ယာယီ Quarantine Centre နှင့် ရပ်ကွက်(၁)ရှိ ယာယီအဆောက်အအုံသို့ ပို့ဆောင်ထားရှိ သည်။

၎င်းတို့အား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကုသရေးဦးစီးဌာနမှ သတ်မှတ်ရက်အတွင်း ကျန်းမာရေးစစ်ဆေးမှုများ ထပ်မံဆောင်ရွက် သွားမည်ဖြစ်ပြီး Negative ရလဒ်ထွက်ရှိပါက သက်ဆိုင်ရာ ဒေသ အသီးသီးတွင် ဆက်လက် Quarantine ဝင်ရောက်သွားရန် ပြန်လည် စေလွှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၀**
တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာ မရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၊ နာတာရှည်ရောဂါအခံရှိသူ များ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း အဆင့် ကျောင်းသား ကျောင်းသူ များစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေး အဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ် ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံ ပြည်သူ ၁၄၅၆ ဦး၊ ရန်ကုန်တိုင်း



ဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၃၂ ဦး၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၅၁၈၈၆ ဦးနှင့် မန္တလေးတိုင်းဒေသ ကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၇၅၂၀၊ ပဲခူးတိုင်း ဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၃၆၀ တို့ကို တပ်မတော် ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ နှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများ စာသင်နှစ်တစ်နှစ် နစ်နာမှုမရှိစေရေးအတွက် အခြေခံ ပညာကျောင်းများကို ပြန်လည် ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများ ဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင် အမြန် ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး များ ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၁၈ ရက်နှင့် ယနေ့တွင် ဧရာဝတီတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ် တို့၌ ကျောင်းသား ကျောင်းသူ ၂၆၈၆၈ ဦးနှင့် မန္တလေးတိုင်းဒေသ ကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၇၅၄၀ တို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ရှိတာပေါ့ .. သိပ်ရှိတာပေါ့။ မင်းကိုချစ်ရတဲ့ အကြောင်းတွေပြောဖို့ ကိုယ့်ရင်မှာ အပြည့်ရှိနေတာပေါ့"

"အစ်ကို့စကားထဲမှာ ပေါ့တွေအများကြီးပဲ။ အစ်ကို့လေသံကလည်း ပေါ့ ရွှတ်ရွှတ်နဲ့။ အားမရစရာကောင်းလိုက်တာ"

"ခက်တာပဲ။ ညီမဟာ ကိုယ့်ကို အမြဲတမ်းမယုံသင်္ကာရှိနေသလိုပဲ။ ပြောစမ်းပါဦး၊ ကိုယ့်အပေါ် ဘာကြောင့်များ ဒီလောက် မယုံမကြည်ဖြစ်နေရတာလဲဟင်"

"တစ်မျိုးပဲလေ။ အစ်ကို့စကားတွေ၊ အစ်ကို့အပြုအမူတွေဟာ ဆန်းကြယ်တယ်။ အဲဒါတွေက အစ်ကိုဟာ လူရိုးတစ်ယောက်မဟုတ်ဘူးလို့ ဖော်ပြနေတယ်"

"ဒါနဲ့များ ကိုယ့်ကို ဘာလို့လာတွေ့ရတာလဲဟင်"

" ဒါတော့ ချစ်လို့ပေါ့ အစ်ကိုရယ်"

"တော်ပြီညီမ။ တခြားစကားတွေကိုထားပြီး ချစ်တယ်လို့သာ ပြောစမ်းပါကွယ်"

"ချစ်ပါတယ် အစ်ကိုရယ်။ ခင်ကြီး အစ်ကို့ကို ချစ်ပါတယ်"

မောင်မောင်ဦးသည် ခင်ခင်ကြီး၏ကိုယ်ကို သိုင်းဖက်သည်။ မြက်ခင်းပေါ်သို့ လဲကျစေလိုက်သည်။

"ကြည့်၊ အစ်ကိုကဲပြန်ပြီ"

ခင်ခင်ကြီး ထနိုင်အောင်ကြိုးစားသည်။ သို့ပေမဲ့ မောင်မောင်ဦးက ထခွင့်မပေး။ သူ့ကိုယ်ဖြင့် ဖိထားသည်။

"ဖယ်ပါဦး အစ်ကိုရယ်။ ခင်ကြီး တောင်းပန်ပါတယ်"

သို့ပေမဲ့ မရပြန်။ သူ၏လက်သည် ခင်ခင်ကြီး၏ ကိုယ်အနှံ့သို့ ရောက်လာသည်။

ခင်ခင်ကြီး မောရပြန်ပြီ။ "အစ်ကို" ဟု အထိတ်တလန့်ဆိုရပြန်သည်။ "အစ်ကိုရယ်" ဟု တောင်းပန်တိုးလျှိုးသလိုဆိုသည်။ နောက်တော့ ညည်းမိသည်။ နာနာကြည်းကြည်း ညည်းမိပြန်သည်။

မောင်မောင်ဦး၏ ဖက်တွယ်ထားခြင်းမှာ ပိုမိုတင်းကျပ်လာသည်။ သူ့တွင် အင်အားတွေ မယုံနိုင်လောက်အောင် ရှိနေပုံရသည်။ ခင်ခင်ကြီး ထိတ်ထိတ်ပျာပျာ ဖြစ်ရပြန်လေပြီ။

ပါးစပ်က "အစ်ကို" ခေါ်ရင်း လူးလွန့်သည်။ ရုန်းကန်သည်။ ထိုအခါ အဘယ်ကြောင့်မှန်းမသိ။ ခင်ခင်ကြီး၏ အင်အားများ အကုန်ဆုံးမြန်သည်။ ရင်မှာ လှိုက်မောရပြန်ပြီ။ စိတ်နှလုံး တုန်လှုပ်ချောက်ချားရပြန်သည်။

ခင်ခင်ကြီးသည် မိမိ၏ပင်ကိုစိတ် ပျောက်ကွယ်ရလေပြီထင်သည်။ တစ်ကိုယ်လုံးကို တုန်လှုပ်ချောက်ချားရခြင်းကသာ လွှမ်းမိုးနေသည်။ ထိတ်လန့်စိတ်ဖြင့် မြက်ပင်များကို စုဆွဲထားမိသည်။ မြက်ပင်များသည် မြေမှကျွတ်ထွက်ကာ လက်ထဲသို့ပါလာသည်။

စိတ်မှာ ထမင်းလုံးတစ္ဆေအခြောက်ခံရသည့်နှယ် ဖြစ်လာသည်။ အမြင့်သို့ လွင့်ပါသွားရသည့်နှယ် နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်း သက်ဆင်းသွားရသည့်နှယ်ပင်။ မျက်စိကလည်း ဘာမျှမမြင်ရတော့သလိုရှိသည်။ ဝေနေသည်။ ဝါးနေသည်။ မိမိအရှေ့မှာ အမှောင်လွှမ်းမိုးနေသည်ဟု ထင်သည်။ အမှောင်ထုက ထူထပ်သိပ်သည်းလျက် နက်ရှိုင်းပိန်းပိတ်လှသည်ဟု စိတ်တွင် အထင်ရောက်မိပါသည်။

ဘာမှမခန့်မှန်းတတ်သော်လည်း မောင်မောင်ဦးသည် ယမန်နေ့ညကထက် ကြမ်းတမ်းသည်ဟု ထင်သည်။ ယမန်နေ့ညကထက် မိမိကို ပိုမိုနာကျင်စေသည်ဟု ထင်သည်။

ရင်မှာလည်း လှိုက်မောရပါဘိ။ တုန်လှုပ်ရပါဘိ။ သို့ပေမဲ့ ဆွတ်ပျံ့ဖွယ်သော အတွေ့တစ်ရပ်သည် တိမ်းမူးလောက်အောင်ပင် လွှမ်းမိုးလာသည်။ ယင်းအတွေ့သည် ခင်ခင်ကြီး၏ရင်ကို လှုပ်ခါစေနိုင်စွမ်းသည် ထင်မိ၏။

အတော်ချည်းကြာလျှင် မောင်မောင်ဦးသည် ခင်ခင်ကြီး၏ကိုယ်ကို လွှတ်ပေးလိုက်သည်။ သက်ပြင်းတစ်ချက်ရှိုက်လိုက်ကြောင်း မြင်ရသည်။

ယခုမှပင် ခင်ခင်ကြီးမှာလည်း ပင်ကိုအသိ ပြန်ဝင်လာရသည့်နှယ်ရှိသည်။

နှင်းပိုကျလာသည်။ အအေးဓာတ် လွန်ကဲပြင်းထန်လာသည်။ ညသည် နက်ရှိုင်းရင့်ရော်လာပြန်ချေပြီ။

သူတို့သည် နှင်းဖြင့်စွတ်စိုနေသော မြက်ခင်းပေါ်၌ လဲလျောင်းနေမိကြဆဲရှိသည်။

ခင်ခင်ကြီးသည် နှင်းအလွှာဖြင့် ပြည့်သိပ်နေသည့် ကောင်းကင်ပြင်ကို အဓိပ္ပာယ်မဲ့ စူးစိုက်ကြည့်နေမိသည်။ စိတ်ထဲမှာ တစ်စုံတစ်ခုကို ဆုံးရှုံးခံလိုက်ရသလိုရှိသည်။ တစ်စုံတစ်ခုအတွက် နှမြောတသနေသလို ခံစားရသည်။ ယူကျုံးမရသလိုရှိသည်။ တစ်ဆက်တည်းမှာပင် အကြီးဆုံးသော အမှားတစ်ရပ်ကို ကျူးလွန်လိုက်မိချေပြီဟု ထင်နေမိပါသည်။

မောင်မောင်ဦးသည် ခင်ခင်ကြီး၏ပါးပြင်ကို ညင်ညင်သာသာနမ်းသည်။ ထိုအခါ ပါးပြင်တွင် ရွှဲနစ်နေသည့် မျက်ရည်စများနှင့် ထိတွေ့ရသည်။

"မင်း ငိုနေတယ်လား"

သူက အထိတ်တလန့်ရှိမိသလို ရေရွတ်သည်။

"မငိုပါနဲ့ကွယ်။ မင်းငိုရင် ကိုယ်လည်းငိုချင်တယ်"

သူက တိုးတိုးသက်သာချော့သည်။ သည်တွင် ခင်ခင်ကြီးမှာ ပို၍ ဝမ်းနည်းရသလိုရှိကာ မျက်ရည်ပို၍ကျလာသည်။

"အမှန်တော့ ကို့အပြစ်ပါ။ ကို့အမှားပါ"

သူက ယခုမှ ဝန်ခံနေပြန်ပါသည်။

"ခင်ကြီးမိုက်တယ်။ သိပ်မိုက်တယ်"

ခင်ခင်ကြီး ရှိုက်သည်။ အသံမှာ လှိုက်လှဲ့တုန်ယင်နေသည်။

"အမှန်တော့ အစကတည်းက ခင်ကြီးအစ်ကို့ကို လာမတွေ့သင့်ဘူး။ မလိုက်လျောသင့်ဘူး။ ဘယ်သူ့အမှားမှမဟုတ်ဘူး။ ခင်ကြီးရဲ့ အမှား"

ခင်ခင်ကြီးသည် ကြေကွဲစွာ ပြောမိသည်။

မောင်မောင်ဦးသည် ခင်ခင်ကြီး၏မျက်နှာကို လက်နှစ်ဖက်ဖြင့် ညှပ်ကိုင်လိုက်သည်။

"တိတ်ပါကွယ်။ မငိုပါနဲ့တော့။ မင်းကို ကိုယ်တကယ်ချစ်တာပါ ညီမ။ တကယ်မြတ်နိုးတာပါ။ ကိုယ် မင်းကို မကြာခင် လက်ထပ်နိုင်အောင် ကြိုးစားမယ်လို့ သန္နိဋ္ဌာန်ချပြီးသားပါ"

ခင်ခင်ကြီး သက်ပြင်းရှိုက်သည်။

"သိပ်မြန်တာပဲ။ အဖြစ်အပျက်တွေဟာ မယုံနိုင်လောက်အောင်ပဲ။ ဘာပဲပြောပြော အစ်ကိုနဲ့ ပတ်သက်လာရင် ခင်ကြီးမှာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဖို့ဆိုတာတောင် သတိမရနိုင်ခဲ့ပါဘူး အစ်ကိုရယ်"

"ကိုယ့်မှာလည်း ဒီအတိုင်းပါပဲကွယ်"

နှစ်ယောက်သား တင်းကျပ်စွာ ဖက်ထားမိကြပြန်သည်။

"အစ်ကို"

ခင်ခင်ကြီး ခေါ်သည်။ မောင်မောင်ဦးက သူမ၏ မျက်နှာကို စူးစိုက်စွာ ကြည့်လာသည်။

"ခင်ကြီးတစ်သက်မှာ ရည်းစားဆိုလို့ ဒီတစ်ခါပဲထားဖူးတယ်။ ယောကျ်ားတစ်ယောက်ကို အခုအခါပဲ နမ်းဖူးတွေ့ ဒူးတွေ့ တွေ့ဖူးတယ်။ ဒီတစ်ခါမှပဲ သင်္ကာစင်ပါမှောက်ရပြီထင်တယ်အစ်ကို"

မောင်မောင်ဦး ဘာမျှပြန်မပြော။

"ခင်ကြီးကို အထင်မသေးဘူးလား အစ်ကို။ အညွှာလွယ်လှချည်လားလို့ မထင်ဘူးလား"

သည်တော့မှ မောင်မောင်ဦး၏အသံ ထွက်လာသည်။

"မထင်ရက်ပါဘူး။ ညီမဟာ ကိုယ့်ကို ချစ်တယ်လို့ ယုံကြည်တယ်။ ပြောပါပြီကောလား။ အခုအပြစ်ဟာ ကိုယ့်အပြစ်ပါလို့"

ခင်ခင်ကြီးသည် လဲလျောင်းရာမှ ထလိုက်သည်။ မောင်မောင်ဦးပါ လိုက်ထသည်။ သူ့လက်တစ်ဖက်က ခင်ခင်ကြီး၏ပခုံးကို ဆုပ်ကိုင်ထားဆဲရှိသည်။

"ခင်ကြီး ပြန်တော့မယ် အစ်ကိုရယ်"

ခင်ခင်ကြီး အသံတိမ်တိမ်ဖြင့် ပြောသည်။

"မနက်ဖြန်ည တွေ့ကြရအောင်"

"တော်ပါပြီ အစ်ကို၊ ကျေနပ်သင့်ပါပြီ။ အစ်ကိုနဲ့ တွေ့ဖို့ ခင်ကြီး ဘယ်လောက်စွန့်စားရတယ်မှတ်သလဲ။ အစ်ကိုက ခင်ကြီးကို မညှာဘူး။ ရက်စက်တယ်"

"ရက်စက်တာ မဟုတ်ပါဘူးကွယ်။ ချစ်လို့ပါ"

"ပြောတတ်လိုက်တာ။ အစ်ကိုချစ်တာကို ခင်ကြီးတော့ ကြောက်ပြီအစ်ကို"

"မနက်ဖြန်ည တွေ့ကြရအောင်ပါကွယ်"

"ဟင့်အင်း။ အတော်ကြာ လူကြီးတွေသိသွားရင် ခက်မယ်"

"ဒါဖြင့်"

"နောက်တစ်ကြိမ် အစ်ကိုကျောင်းပိတ်လို့ မြို့ကို ပြန်အလာမှ"

"အကြာကြီးပဲ"

"ကြာပေ့စေပေါ့။ ဒီလောက်တော့ သည်းခံမှပေါ့"

"အဲဒီရက်အတွင်းမှာ မင်းကို လွမ်းနေမိမှာပဲ"

"ဒီကတော့ မလွမ်းရတော့ဘူးတဲ့လား"

"စာရေးပါလားဟင်"

"ဘယ်ဖြစ်မလဲ ကိုကို ရိပ်မိသွားမှာပေါ့။ အခုတောင် ရိပ်မိနေပြီလားမသိပါဘူး"

"သူကတော့ သဘောတူမှာပါ။ သူနဲ့ကိုယ်နဲ့က သူငယ်ချင်းပဲဟာ"

"အစ်ကို့ အဖေအမေတွေကကော သဘောတူပါ့မလား"

"ဘာလို့ မတူဘဲရှိရမှာလဲ"

"အစ်ကို ခင်ကြီးကို တကယ်ချစ်တယ်နော်"

"အင်း"

"တကယ်လက်ထပ်မှာနော်"

"အင်းပါ"

"ဒါပေမဲ့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ အစ်ကိုရယ်။ လေးနေတယ်။ ခင်ကြီး သိပ်သေချင်တာပဲ၊ အခုနေ ခင်ကြီးသေသွားရင် သိပ်ကောင်းမှာပဲ"

"မကောင်းပါဘူး။ ကဲပါကွယ်။ အမင်္ဂလာစကားကို မပြောကြစတမ်း။ ကိုယ့်မှာ ဝမ်းသာနေတာ တစ်ခုရှိတယ်ညီမ"

"ဘာကိုလဲဟင်"

"ညီမကိုယ့်ကို တကယ်ချစ်တယ်ဆိုတာ အခု သဘောပေါက်ရတာပေါ့"

"အခုမှ သဘောပေါက်တယ်လား"

ခင်ခင်ကြီး၏အမေးကြောင့် မောင်မောင်ဦး ရယ်လိုက်သည်။

"အခုတော့မှ ပိုပြီးသဘောပေါက်လာရတာကို ပြောတာပါ"

"ခင်ကြီး ပြန်တော့မယ် အစ်ကို"

ခင်ခင်ကြီးက ကြေညာသည်။ ပြောပြောဆိုဆိုမှာပင် ထိုင်ရာမှထသည်။ မောင်မောင်ဦးပါ လိုက်ထလာသည်။ သူတို့သည် တံခါးပေါက်ဆီသို့ လျှောက်လာကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ခင်ခင်ကြီးသည် နှင်းအလွှာဖြင့် ပြည့်သိပ်နေသည့် ကောင်းကင်ပြင်ကို အဓိပ္ပာယ်မဲ့ စူးစိုက်ကြည့်နေမိသည်။
စိတ်ထဲမှာ တစ်စုံတစ်ခုကို ဆုံးရှုံးခံလိုက်ရသလိုရှိသည်။
တစ်စုံတစ်ခုအတွက် နှမြောတသနေသလို ခံစားရသည်။
ယူကျုံးမရသလိုရှိသည်။
တစ်ဆက်တည်းမှာပင် အကြီးဆုံးသော အမှားတစ်ရပ်ကို ကျူးလွန်လိုက်မိချေပြီဟု ထင်နေမိပါသည်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဘုရားကုန်းကျေးရွာရှိ ရှေးဟောင်းဆုတောင်းပြည့် မိုးကောင်းစေတီတော်မြတ်ကြီးတွင် ညမီးအလှထွန်းညှိပူဇော်ထားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ – သပြေထွန်း



မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ–ခင်မောင်မြင့်(ဇမ္ဗူသီရိ)

## ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်၊ ရွှေစည်းခုံစေတီတော်မြတ်နှင့် တာဝတိံသာဘုရားတို့တွင် ဘုရားဖူးပြည်သူများ၊ အပန်းဖြေသူများနှင့် စည်ကားလျက်ရှိ

**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ ရွှေစည်းခုံစေတီတော်မြတ်နှင့် တာဝတိံသာဘုရားတို့တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဗုဒ္ဓဘာသာဝင်ပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာပူဇော်ခြင်းနှင့် ဘုရားသို့ လာရောက်ဖူးမြော်ပူဇော်ကြည်ညိုသူများဖြင့် စည်ကားလျက်ရှိသည်။ ယနေ့ညတွင် ပုသိမ်မြို့ တာဝတိံသာ အနောက်ဘက်မင်းရပ်တန်းလမ်းနေ ဦးမြင့်အောင် မိသားစုက တာဝတိံသာဘုရားကြီးတွင် ဆီမီးတစ်ထောင် ပူဇော်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင်လည်း ဆက်လက်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ပုသိမ်မြို့ ကမ်းနားလမ်းရှိ ပုသိမ်တံတား၊ ညဈေးရင်ပြင်၊ မြို့တော်ခန်းမရှေ့ရင်ပြင်၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ ရင်ပြင်တို့တွင် ယနေ့ညနေပိုင်းတွင် အများပြည်သူ အနားယူအပန်းဖြေရင်း အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိသည်။ **မြင့်ဟန်(ပြန်/ ဆက်)**





## မအူပင်မြို့ရှိ ရွှေဘုန်းမြင့်ဘုရား၊ ပေါ်တော်မူဘုရားနှင့် စိမ်းမြကန်သာဘုရားတို့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မအူပင် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ထင်ရှားသည့် ရွှေဘုန်းမြင့်ဘုရား၊ ပေါ်တော်မူဘုရားနှင့် စိမ်းမြကန်သာဘုရားများ၌ သီတင်းကျွတ်လပြည့်ညနေပိုင်းကစတင်ပြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မအူပင်မြို့ရှိ ရွှေဘုန်းမြင့်ဘုရား၊ ပေါ်တော်မူဘုရားနှင့် စိမ်းမြကန်သာဘုရားများ၌ မြို့နယ်အတွင်းရှိ ဒေသခံဘုရားဖူးလာပြည်သူများက ပန်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းကြကာ အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်ဘုရားတွင် စတုဒိသာများ ဝေငှကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့ လောကမာန်အောင်မြတ်စွာဘုရားကြီး၌ ဆီမီးတစ်ထောင်ပူဇော်ပွဲ ကျင်းပ

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်ရှိ လောကမာန်အောင် မြတ်စွာဘုရားကြီးအား သီတင်းကျွတ်လပြည့်နေ့ ဆီမီးထွန်းပွဲတော်အထိမ်းအမှတ် ယနေ့ ညနေ ၅ နာရီက ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲ ကျင်းပခဲ့ကြောင်း ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်ထံမှ သိရသည်။

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ရပ်ကွက်နေပြည်သူများနှင့် စေတနာအလှူရှင်များ ပူးပေါင်းပြီး ရိုးရာမပျက် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း ရပ်ကွက်နေပြည်သူများက ဆီမီးတစ်ထောင်ပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ကာ အလှူငွေများ ကောက်ခံ၍ စုပေါင်းလှူဒါန်းမှုအစီအစဉ်ဖြင့် လောကမာန်အောင် မြတ်စွာဘုရားကြီးအား ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



ယခုကဲ့သို့ သီတင်းကျွတ်လပြည့်နေ့ အခါသမယ ဗုဒ္ဓအဘိဓမ္မာအခါတော်နေ့အဖြစ် ဘုရာရှင်အားရည်မှန်း၍ ဘုရားစေတီ ပုထိုးများတွင် ဆီမီးကပ်လှူပူဇော်ခြင်းကို မြို့ပေါ်ရပ်ကွက်ရှိ ဘုရားကျောင်းကန်များအပြင် ကျေးရွာများရှိ ရွာဦးဘုန်းတော်ကြီးကျောင်းများရှိ ဘုရားစေတီ ပုထိုးများတွင်လည်း ရိုးရာမပျက် ဆီမီးထွန်းညှိပူဇော်ပွဲများ ကျင်းပ၍ ကုသိုလ်ကောင်းမှုပြုကြကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**



## မုံရွာမြို့နယ် မိုးညှင်းသမ္ဗုဒ္ဓေဘုရား၌ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မိုးညှင်းသမ္ဗုဒ္ဓေဘုရား၌ သီတင်းကျွတ်လပြည့်နံနက်ပိုင်းက သီလရှင်၊ ယောဂီများကို ဆွမ်းဆန်နှင့် လှူဖွယ်ကိုးမျိုး လှူဒါန်းခဲ့ပြီး ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြောင်း သိရသည်။

"ဒီနှစ်က (၁၀) နှစ်မြောက်အလှူပါ။ မနက်ပိုင်းမှာ ဆရာတော်၊ သံဃာတော်နဲ့ သီလရှင်တွေအား ဆွမ်းကပ်လှူပြီး သီလရှင်အပါး ၁၃၀ နဲ့ ယောဂီ ၂၀ ကို ဆွမ်းဆန်နဲ့အတူ လှူဖွယ်တွေ လှူခဲ့တယ်။ ဒီနှစ်တော့ မနှစ်ကလိုပဲ ကိုဗစ်ကြောင့် ပရိသတ်ကို မဖိတ်တော့ဘူး။ ညပိုင်းတွင် သမ္ဗုဒ္ဓေစေတီမှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်မှာပါ"ဟု အလှူရှင်ဦးကံချွန်က ပြောသည်။ မိုးညှင်းသမ္ဗုဒ္ဓေမှ သီလရှင်နှင့် ယောဂီများအား ဆန်၊ ဆီ၊ ဆား၊ ကြာဆံ၊ ကြက်ဥ၊ ကြက်သွန်၊ လက်သန့်ဆေးရည်၊ ဖယောင်းတိုင်များလှူဒါန်းပြီး ဆရာတော်ကြီးအား ဝတ္ထုငွေနှင့် ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။ **လူလေး**

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ



**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှစတင်၍ ရပ်ကွက်ဓမ္မာရုံဘုရားပွဲများ၊ ကျေးရွာဘုရားပွဲများသို့ သွားလာကြသူများဖြင့် စည်ကားခဲ့ပြီး မြို့ပေါ်ရှိ ဘုရားပုထိုးစေတီများတွင်လည်း နံနက်ပိုင်းမှ ညဦးပိုင်းအထိ ပန်း၊ ရေချမ်း၊ ဆီမီးလာရောက် ကပ်လှူပူဇော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

**အကျဉ်းရုံးကျင်းပ**

ကျောက်ပန်းတောင်းမြို့နယ်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ မြို့ပေါ်ရပ်ကွက်များရှိ ဓမ္မာရုံဘုရားပွဲများနှင့် မြို့အနီးဝန်းကျင်(၄)မိုင်ခန့်အကွာရှိ စည်ပေါက်ကံကျေးရွာ၌ မြစည်းခုံဘုရားပွဲတော်၊ နှစ်ကျပ်ခွဲကျေးရွာ၌ ထီးတော်လှူပ်သိမ်တော်ဘုရားပွဲတော်များကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယမန်နှစ်က ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ အကျဉ်းရုံးကျင်းပကြကြောင်း သိရသည်။

အဆိုပါ ဘုရားပွဲများသို့ သွားလာကြသူများအနေဖြင့် တစ်ဆက်တည်း မြို့ပေါ်ရှိဘုရားစေတီများဖြစ်သည့် မြို့ဦးအောင်စေတီဘုရား၊ မဟာစေတီကြီးဘုရား၊ မြတ်ရွှေဂူဘုရား၊ သက်တော်ရှ/သက်တော်ရှည်ဘုရား စသည့် ဘုရားစေတီများသို့ ထော်လာဂျီယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ လိုက်ထရပ်ယာဉ်ငယ်များစသည်ဖြင့် အစုအဖွဲ့လိုက်၊ မိသားစုအလိုက်၊ သူငယ်ချင်းအပေါင်းအဖော်များ ပျော်ရွှင်အေးချမ်းစွာ လှည့်လည်ဘုရားဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြရာ ဘုရားစေတီများတွင် ညဦးပိုင်းအထိ ဘုရားဖူးများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

# မိုင်းယန်းမြို့ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေး



**မိုင်းယန်း အောက်တိုဘာ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့ ဈေးတန်းရပ်ကွက်သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအား RDT Tesk Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိစစ်ဆေးပေးခြင်းကို ယမန်နေ့က ကျန်းမာရေးဝန်ထမ်းများက အခမဲ့သွားရောက်စစ်ဆေးပေးခဲ့သည်။

**သွားရောက်စစ်ဆေးပေး**

ထိုသို့ သွားရောက်စစ်ဆေးပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးကြီးကြပ်(၁) ဦးကျော်သက်ပိုင်နှင့် ဝန်ထမ်းများက မိုင်းယန်းမြို့ ဈေးတန်းရပ်ကွက်အတွင်းရှိ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်းမှ သံဃာတော် ၃၈ ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား RDT Tesk Kit ဖြင့် အခမဲ့သွားရောက်စစ်ဆေးပေးခဲ့ရာ သံဃာတော်နှစ်ပါးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း သိရသည်။

**အတည်ပြုလူနာ ၁၁၁ ဦး**

မိုင်းယန်းမြို့နယ်တွင် ဩဂုတ် ၂ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့အတည်ပြုလူနာ ၁၁၁ ဦးအနက် ကျန်းမာရေးပြန်လည်ကောင်းမွန်၍ နေအိမ်သို့ပြန်လည်စေလွှတ်သူ ၉၀ ရှိကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)



# မြို့သစ်မြို့နယ် ဆဒ္ဒန်ဆည်၊ စွန်ဆည်နှင့် ပုလင်းဆည် ရေလှောင်တမံရေပိုလွှဲမှ ဆက်လက်ရေကျော်လျက်ရှိ

**မြို့သစ် အောက်တိုဘာ ၂၀**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ဆဒ္ဒန်ဆည်၊ စွန်ဆည်နှင့် ပုလင်းဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ယနေ့နံနက်ပိုင်းတွင် ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ရေကျော်လျက်ရှိ**

ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ လက်ရှိရေမှတ်မှာ ၅၆၁ ဒသမ ၄၀ ပေရှိသည့်အတွက် ရေပြည့်အမှတ်ထက် သုည ဒသမ ကိုးပေခန့်၊ စွန်ဆည်ရေလှောင်တမံ၏လက်ရှိရေမှတ်မှာ ၆၂၆ ပေရှိသည့်အတွက် ရေပြည့်အမှတ်ထက် တစ်ပေခန့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး ပုလင်းဆည်ရေလှောင်တမံ၏ လက်ရှိရေမှတ်မှာ ၆၈၆ ဒသမ ၁၀ ပေရှိသည့်အတွက် ရေပြည့်အမှတ်ထက် ၁ ဒသမ ၁ ပေခန့် ရေပိုလွှဲမှ ရေကျော်လျက်ရှိကြောင်း သိရသည်။

**ဘေးအန္တရာယ်ကင်းရှင်းရေး**

ဆဒ္ဒန်ဆည်၊ စွန်ဆည်နှင့် ပုလင်းဆည်ရေလှောင်တမံများ၏ ရေပိုလွှဲမှရေကျော်ကျမှုရှိသော်လည်း ဆည်များ၏ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်၍ ဆည်အောက်ပိုင်းရှိကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အချိန်နှင့်တစ်ပြေးညီ အသိပေးနိုးဆော်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**





ဓမ္မသုခရွှေစည်းခုံ စေတီတော်၌ ဆီမီးထွန်းညှိပူဇော်စဉ်။

## မိတ္ထီလာမြို့ရှိ ဘုရားစေတီတော်များတွင် သီတင်းကျွတ်လပြည့်နေ့ ဆီမီးထွန်းညှိပူဇော်

**မိတ္ထီလာ အောက်တိုဘာ ၂၀**
မိတ္ထီလာမြို့ရှိဘုရားကျောင်းကန်နှင့် စေတီတော်များတွင်အောက်တိုဘာ ၂၀ ရက်သီတင်းကျွတ်လပြည့်နေ့ညက ဝမ်းတော်ပြည့်စေတီတော်၊ ဓမ္မသုခရွှေစည်းခုံစေတီတော်၊ ဇေယျာမုနိကျောက်တော်ကြီးဘုရားစသည့် ဘုရားကျောင်းကန်၊ စေတီတော်များတွင် ဆီမီးထွန်းညှိပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါဘုရားစေတီတော်များတွင် ဘုရားဖူးလာရောက်သူများ၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်သူများ စည်ကားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## “မြူးမြူးကြွကြွ MRTV ည တေးဂီတဖျော်ဖြေပွဲ”ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၀**
“မြူးမြူးကြွကြွ MRTV ည တေးဂီတဖျော်ဖြေပွဲ” ပွဲစဉ်(၄)ကို အောက်တိုဘာ ၂၂ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို သားစိုးစီစဉ်ပြီး “ရွှေမြန်မာတေးဂီတအဖွဲ့”၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် အောင်မျိုးဝင်း၊ သိမ့်သိမ့်၊ ငြိမ်းသော်တာ၊ ချာန်၊ အောင်ကိုဇော်၊ အိဖြူနှင့် အေးသဇင်လှိုင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် ယူအေအီးနိုင်ငံ၌ ခြေစမ်းပွဲကစားရန် မြန်မာ ယူ-၂၃ အသင်း ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၀**
မြန်မာ ယူ-၂၃ အသင်းသည် ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ရန်နှင့် ခြေစစ်ပွဲမတိုင်မီ ယူအေအီးနိုင်ငံ၌ ခြေစမ်းပွဲကစားရန် အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၃ အသင်းတွင် အုပ်ချုပ်နည်းပြအဖွဲ့ဝင် ၁၁ ဦး၊ ကစားသမား ၂၃ ဦး စုစုပေါင်း ၃၄ ဦး လိုက်ပါသွားပြီး အုပ်ချုပ်သူ- ဦးရဲဝင်းအောင်၊ နည်းပြချုပ်- ဗယ်လီဇာ ပိုပေ့ဗ်၊ လက်ထောက်နည်းပြ- ဦးဇော်ဝင်းထွန်းနှင့် ဦးအောင်အောင်ထွန်း၊ ဂိုးနည်းပြ - ဦးဇော်လင်းအောင်၊ အသင်းအတွင်းရေးမှူး- ဦးစည်သူဝင်း၊ ကစားသမားများအဖြစ် ဂိုးသမား- အောင်ကိုလတ်၊ ပြည့်ဖြိုးသူ၊ ထွန်းနန္ဒဦး၊ နောက်တန်း-စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ဟိန်းထက်စည်သူ၊ ဟိန်းဇေယျာလင်း၊ အောင်ဝဏ္ဏစိုး၊ ဖွဲခန့်မင်း၊ သက်ပိုင်ထွေး၊ အလယ်တန်း- နန်းထိုက်ဇော်၊ လင်းထက်စိုး၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ ဇော်ဝင်းသိန်း၊ ရဲလင်းထက်၊ ရဲရင့်အောင်၊ ရှေ့တန်း- သန့်ဇင်မြင့်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်း၊ ခင်ကျော်ဝင်း၊ ကောင်းမြတ်သူတို့ လိုက်ပါသွားသည်။

မြန်မာ ယူ-၂၃ အသင်းသည် ခြေစစ်ပွဲမတိုင်မီ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လေ့ကျင့်မည်ဖြစ်ပြီး အောက်တိုဘာ ၂၄ ရက်တွင် ယူအေအီးကလပ်အသင်းတစ်သင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အောက်တိုဘာ ၂၅ ရက်တွင် ခြေစစ်ပွဲကျင်းပမည့် ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စု (I) တွင် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)အသင်းတို့နှင့် ကျရောက်နေပြီး အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**○ ကျောဖုံးမှ**
ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေ ကောင်းသွားမည်ဖြစ်သည်။ လက်ရှိခြေစွမ်းနှင့် ကစားသမား အနေအထားကြောင့်လည်း မြန်မာအသင်းသည် ဂူအမ်အသင်းထက် အစစအရာရာ သာလွန်နေသဖြင့် နိုင်ပွဲထပ်မံရယူနိုင်ရန် သေချာသလောက်ရှိနေသည်။

မြန်မာအသင်းသည် အုပ်စု (D) တွင် ယူအေအီး၊ လက်ဘနွန်၊ ဂူအမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**❂ ပီအက်စ်ဂျီအသင်းမှ**
တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး တိုက်စစ်မှူး မက်ဆီရဲ့ ပွဲကစားချိန် ၆၇ မိနစ်မှာ သွင်းယူခဲ့တဲ့သွင်းဂိုး၊ ပွဲကစားချိန် ၇၄ မိနစ်မှာ သွင်းယူခဲ့တဲ့ ပင်နယ်တီသွင်းဂိုးတစ်ဂိုးတို့ကြောင့် လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်းအတွက် ချေပဂိုးတွေကိုတော့ ပွဲကစားချိန် ၂၈ မိနစ်မှာ အန်ဒရီဆေးလ်ဗား၊ ပွဲကစားချိန် ၅၇ မိနစ်မှာ မူကီလီတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး မက်ဆီဟာ ပီအက်စ်ဂျီအသင်းကို ရောက်ရှိလာပြီးနောက် သွင်းယူခဲ့တဲ့သွင်းဂိုး သုံးဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

**သွင်းဂိုးစုစုပေါင်း ၁၂၃ ဂိုးအထိရှိလာ**

တိုက်စစ်မှူး မက်ဆီဟာ ပီအက်စ်ဂျီအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး လက်ရှိမှာ ကစားသမားဘဝတစ်လျှောက် သွင်းယူခဲ့တဲ့ ချန်ပီယံလိဂ်သွင်းဂိုး စုစုပေါင်း ၁၂၃ ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်းကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ တိုက်စစ်မှူး မက်ဆီ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ၃၇ သင်းမြောက်အသင်းလည်း ဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် တိုက်စစ်မှူး မက်ဆီဟာ ပီအက်စ်ဂျီအသင်းရဲ့ ချန်ပီယံလိဂ်ရာသီအစ အုပ်စုအဆင့် အိမ်ကွင်းနှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ လေးဦးမြောက် ကစားသမားဖြစ်လာခဲ့ပြီး တိုက်စစ်မှူး မက်ဆီမတိုင်ခင်က နေမာ၊ အဲလက်ဇ်နဲ့ ဂျော့ဝီယာတို့ဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ ချန်ပီယံလိဂ်ရာသီအစ အုပ်စုအဆင့် အိမ်ကွင်းနှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့ကြတာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ တိုက်စစ်မှူး မက်ဆီဟာ ဟက်ထရစ်သွင်းဂိုးရရှိနိုင်ပေမယ့် သာမန်ပွဲကစားချိန် မိနစ် ၉၀ ကျော်ပြီးနောက် နာကျင်အချိန်ပိုမှာ ရရှိလာတဲ့ ပင်နယ်တီကို ကိုယ်တိုင်မသွင်းဘဲ တိုက်စစ်မှူး အမ်ဘတ်ပီကို သွင်းယူစေခဲ့တာကြောင့် ဟက်ထရစ်ရရှိမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီ သွင်းယူခဲ့တဲ့ ပင်နယ်တီဟာ ဂိုးဘားအပေါ်ကနေ ကျော်သွားခဲ့တာကြောင့် ပီအက်စ်ဂျီအသင်းဟာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိမယ့်အခွင့်အရေး လက်လွှတ်ခဲ့ရတာဖြစ်ပြီး လက်ရှိမှာ ပီအက်စ်ဂျီအသင်းဟာ အုပ်စုအဆင့် သုံးပွဲကစားပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရမှတ်စုစုပေါင်း ခုနစ်မှတ် ရရှိထားကာ အုပ်စုအဆင့် ပထမနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာ မန်စီးတီးအသင်းက ကလပ်ဘရုဂျ်အသင်းကို ငါးဂိုး-တစ်ဂိုး၊ စပို့တင်းက ဘီဆစ်တက်စ်ကို လေးဂိုး-တစ်ဂိုး၊ လီဗာပူးက အက်သလက်တီကိုမက်ဒရစ်ကို သုံးဂိုး-နှစ်ဂိုး၊ ပေါ်တိုက အေစီမီလန်ကို တစ်ဂိုး-ဂိုးမရှိ၊ အေဂျက်က ဒေါ့မွန်ကို လေးဂိုး-ဂိုးမရှိ၊ အင်တာမီလန်က ရှရစ်ဖ်တီရာစပေါလ်ကို သုံးဂိုး-တစ်ဂိုး၊ ရီးယဲလ်မက်ဒရစ်က ရှက်တာဒိုးနက်စ်ကို ငါးဂိုး-ဂိုးမရှိနဲ့ အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**


## အားကစားမြှင့်တင်စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

### အမှားပြင်ဆင်ခြင်း
(၁၉-၁၀-၂၀၂၁)ရက်နေ့တွင် “ကန့်ကွက်နိုင်ပါသည်”ဟူသော ကြေးမုံသတင်းစာကြော်ငြာစာတွင် (ဦးမြင့်အောင်၊ ဒေါ်စိန်တိုး) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်ဟု မှားယွင်းနေပါသဖြင့် (ဦးမြင့်အောင်၊ ဒေါ်စန်းတိုး) ဟူ၍ အမှန်ပြင်ဆင်ဖတ်ရှုပါရန်။
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
မွန်ပြည်နယ်၊ မုဒုံမြို့၊ တံခွန်တိုင်ကျေးရွာနေ ဦးသန်းဇော်ဦး [၁၀/မလမ(နိုင်)၁၃၅၅၀၃]-ဒေါ်ခိုင်ဇင်ဖြိုး [၁၀/မလမ(နိုင်) ၁၃၂၆၀၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေတို့၏ သားဖြစ်သူ မောင်မြင့်မိုရ်သွေး [၁၀/မဒန(နိုင်) ၂၅၇၄၈၁]သည် မိဘဆိုဆုံးမမှုအား နားထောင်ခြင်းမရှိဘဲ ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်ခန့်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၅၂၅)**
**အမှတ်(၁၀၁)၊ မဟာဗန္ဓုလလမ်း၊ စက်ကုန်းပိုင်းရပ်ကွက်၊**
**သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်
(၁)ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၁၂-အေ)၊ ကွင်းအမှတ်- ရေသိုးချောင်းမြောက်၊ ဦးပိုင်အမှတ်(၂/၁ C)၊ ဧရိယာ(၂.၅)ဧကအကျယ်မြေကွက်၊ မြေစာရင်းပုံစံ (၁၀၅)နှင့် လယ်မြေပုံစံ (၇)တို့၌ ဦးစံသိန်း [၁၂/မဘန(နိုင်)၀၃၃၇၄၃] အမည်ပေါက် လယ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် (၂) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၁၂-အေ)၊ ကွင်းအမှတ်- ရေသိုးချောင်းမြောက်၊ ဦးပိုင်အမှတ်(၂/၂)၊ ဧရိယာ(၂.၅)ဧကအကျယ်မြေကွက်၊ မြေစာရင်းပုံစံ(၁၀၅)နှင့် လယ်မြေပုံစံ (၇)တို့၌ ဦးတင့်လွင် [၁၂/မဘန(နိုင်)၀၃၃၅၁၁] အမည်ပေါက် လယ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးစသည့် မြေကွက်(၂) ကွက်ကို ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်ပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဟု ဝန်ခံကတိပြုသူ ဦးခင်မောင်တင့် [၉/ရမသ(နိုင်) ၀၈၀၆၃၇] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ရန် အလို့ငှာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် (၂)ကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါမြေကွက်များအား ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာထက် (LL.B.,D.B.L.,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၂)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph-0973104315, 09-795735128**

## ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး
## သယံဇာတရေးရာဝန်ကြီးဌာန
## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၁-၂၀၂၂ခု၊ ဘဏ္ဍာရေးနှစ် (၆)လ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအနက် "ငွေကျပ်သန်း(၁၀၀) အထက်"လုပ်ငန်းများကို ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | လမ်း | အဆောက်အဦ | ရေပေးရေး | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကန်ပက်လက် | ၁ | | | | ၁ |
| ၂ | တီးတိန် | | | ၂ | | ၂ |
| ၃ | တွန်းဇံ | ၁ | | | | ၁ |
| ၄ | ပလက်ဝ | ၁ | ၁ | | | ၂ |
| ၅ | ဖလမ်း | ၂ | | ၂ | | ၄ |
| ၆ | မတူပီ | | ၁ | | | ၁ |
| ၇ | မင်းတပ် | ၃ | | | | ၃ |
| ၈ | ဟားခါး | ၁ | | ၁ | | ၂ |
| ၉ | ကျီခါး | | | | ၁ | ၁ |
| ၁၀ | ခိုင်ကမ်း | ၁ | | | | ၁ |
| ၁၁ | လိုင်လင်းပီ | ၁ | | | | ၁ |
| | စုစုပေါင်း | ၁၁ | ၂ | ၅ | ၁ | ၁၉ |

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ Website (www.csmd.gov.mm)နှင့် Facebook Page (Chin State Municipal)တွင် ကြည့်ရှု၊ လေ့လာ၊ ဖတ်ရှုနိုင်ပါကြောင်းနှင့် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၂-၁၀-၂၀၂၁ရက် မှ ၂၃-၁၁-၂၀၂၁ ရက် နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီထိ

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၃-၁၁-၂၀၂၁ ရက်၊ ညနေ (၁၆:၃၀)နာရီ

လျှောက်လွှာတင်သွင်းမည့်နေရာ - ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့ရုံး

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၇၀-၂၁၃၂၁၊ ၀၉-၄၃၀၁၀၁၃၈

၄။ တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်နှင့်နေရာအား သီးခြားထုတ်ပြန်ကြေညာသွားပါမည်။

**တင်ဒါကော်မတီ**

## မဟာမြတ်မုနိရုပ်ပွားတော်များတည်ထားမည်

ရခိုင်ပြည်နယ်၏ ဗဟိုဌာနတည်ရှိနေသော အမ်းမြို့နယ်၊ တပ်တောင်မြို့နယ်ခွဲအနီး ငှက်ခါးတောင်၌ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ရာမြေပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝရာလင်္ကာရ ကြီးကြပ်ဦးဆောင်၍ မန္တလေးမဟာမြတ်မုနိရုပ်ပွားတော်၊ ကျောက်တော်မဟာမြတ်မုနိရုပ်ပွားတော်များကို အကြောင်းအမျိုးမျိုးကြောင့် ဖူးမြော်ရန် အခက်အခဲရှိနေသူများအတွက် ပူဇော်မည်ဖြစ်ပါ၍ ဒါနပါရမီရှင်များ၊ ပဋ္ဌာန်းဆက်ပါသူများ မည်သူမဆို မိမိတတ်အားသလောက် ကုသိုလ်ပါဝင်ကြပါရန်။

**အခြားဆက်သွယ်ရန်**

**ဆရာဦးဝေချမ်းလှ(တပ်တောင်)**
**ဖုန်း-၀၉-၇၇၀၈၄၄၂၇၇**
**ဆရာမဒေါ်တင်တင်အေး(တပ်တောင်)**
**ဖုန်း-၀၉-၇၇၅၂၅၁၈၂၀၊ ၀၉-၇၇၄၄၃၅၈၇၇**

**ဘဒ္ဒန္တဝရာလင်္ကာရ(ရှင်ရာဟုလာ)**
**အောင်ရာမြေပရိယတ္တိစာသင်တိုက်**
**(ဆ/ခ)ရပ်ကွက်၊ မေခအိမ်ရာဝင်း၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၇၃၃၄၇၊ ၀၉-၇၅၇၄၁၀၉၆၀**




Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၁၀၅၃၊ အကျယ် ပေ(၄၀x၆၀)၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ရှင်ထွေးညို လမ်း၊ အမှတ်(၁၀၅၃)ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးမြသန်း(DNU-၀၈၀၆၆၀) အမည်ဖြင့် ချထားပေးလျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၂၆-၁-၂၀၂၁)ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်"တို့အရ ဦးမျိုးခိုင်[၁၂/ဗဟန(နိုင်)၀၇၇၂၃၆] မှ ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ/၅-လမ်း၊ အမှတ်(၁၁၃)ဟုခေါ်တွင်သော မြေပေါ်၌ ဆောက်လုပ်ထားသည့် (၃½)ထပ်တိုက်၏ ပထမထပ်၊ အကျယ်ပေ(၁၈'x၅၅')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၁၂-၇-၂၀၁၃)ရက်စွဲပါ အခန်းပေး/အခန်းယူ ကန်ထရိုက်စနစ်ဖြင့် (၃½)ထပ်တိုက် R.C တိုက်သစ်(၁)လုံး ဆောက်လုပ်ခြင်းကတိစာချုပ်နှင့် (၁၇-၃-၂၀၁၄)ရက်စွဲပါ ကြိုပွဲတွင့်တိုက်ခန်းအရောင်းအဝယ်အရစ်ကျငွေပေး သဘောတူစာချုပ်တို့အရ ဒေါ်သီတာဝင်း[၁၂/အစန(နိုင်)၁၅၇၉၃၈]မှ ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်း လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃)၊ မြေကွက်အမှတ်-(၅၅၅)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဦးသိန်းစိန်အမည်ဖြင့် ရရှိထားသည့် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန်(၃)လမ်း၊ အမှတ်(၅၅၅)ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ဖခင်/အဘိုးဦးသိန်းစိန်၊ မိခင်/အဘွား ဒေါ်တင်အေး၊ အစ်မ/ညီမ/မိခင် ဒေါ်တင်တင်ရီတို့ ကွယ်လွန်သွားသည့်အတွက် ကျန်အမွေဆက်ခံသူများဖြစ်ကြသည့် ၁။ ဦးကြည်ဝင်း [၁၂/ဥကတ(နိုင်)၀၆၇၉၆၇]၊ ၂။ ဒေါ်နွယ်နွယ်ရီ [၁၂/ဥကတ(နိုင်)၀၆၃၉၂၉]၊ ၃။ ဦးဇော်ဝင်း [၁၂/ဥကတ(နိုင်) ၀၆၅၉၆၆]၊ ၄။ ဒေါ်သင်းသင်းရီ [၁၂/ဥကတ(နိုင်)၀၆၃၉၂၆]၊ ၅။ ဒေါ်စုစုရီ [၁၂/ဥကတ(နိုင်)၀၆၃၉၂၄]၊ ၆။ ဦးလှဝင်း [၁၂/ဥကတ(နိုင်)၀၆၃၉၂၈]၊ ၇။ ဦးရဲမင်းသူ [၁၂/ဥကတ(နိုင်) ၁၇၆၇၇၈]၊ ၈။ ဦးကျော်မင်းသူ [၁၂/ဥကတ(နိုင်)၁၉၆၈၇၀]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤ သတင်းစာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

# ဥတုရာသီ တောကိုမှီ၏

# ကြီး
# မြန်
# သစ်ပင်
# စိုက်ပျိုး
# လျှင်
# စွမ်းအင်
# လည်း
# ရ
# ပြည်
# လည်း
# လှ

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ်(၅၇)၊(၂၃၃ပေx၄၂၁ပေ)အကျယ်(၂.၂၄)ဧက၊ (၉၇၆၇၂)စတုရန်းပေ အကျယ်ရှိ စက်မှုဇုန်မြေငှားဂရန်မြေကွက်နှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော အမှတ်(၅၇)၊ ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို မြေကွက်အမည်ပေါက်ပိုင်ရှင် ဒေါ်အမာကြူ၏ တရားဝင်အမွေဆက်ခံခွင့်ရှိကြသော ၁။ ဦးဝဏ္ဏ [၁၂/မရက(နိုင်)၀၂၁၃၆၇]၊ ၂။ ဦးတင်ထွန်းလှိုင်[၁၂/မရက(နိုင်)၀၀၃၅၉၃]၊ ၃။ ဒေါ်အေးသီတာလှိုင် [၁၂/မရက(နိုင်)၀၀၃၆၈၉] (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးအောင်မင်းသိန်း) နှင့် ၄။ ဦးအောင်မင်းသိန်း[၁၂/မရက(နိုင်)၁၁၃၅၂၈]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ စက်မှုဇုန်မြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိပြီး (၁၄)ရက်အတွင်း ခိုင်လုံတိကျသည့် စာရွက်စာတမ်း အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်ကို ဥပဒေနှင့် အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ကြသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဟု ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးစိန်မြင့်** | **ဦးအောင်ငြိမ်းချမ်း** | **ဒေါ်အိသန္တာအောင်** |
| **(စဉ်-၁၀၉၁၆)** | **(စဉ်-၂၇၇၁၇)** | **(စဉ်-၅၄၀၆၀)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၈-၃၇၇၄၀၆**

## မောင်သော်ဇင်ဦး[၁၂/လမန(နိုင်)၁၆၈၈၃၆]အား သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ တိုက်(၁၄)၊ အခန်း(၀၀၇)နေ ဦးစိုးဝင်း(ကွယ်လွန်)နှင့် ဒေါ်နုနုဆွေ[၁၂/ရပသ(နိုင်)၀၃၇၇၃၉]တို့၏သားဖြစ်သူ မောင်သော်ဇင်ဦး[၁၂/လမန(နိုင်)၁၆၈၈၃၆]သည် မိခင်ကြီး၏ ပြောဆိုဆုံးမမှုများကို လိုက်နာမှုမရှိဘဲ မိခင်ကြီးအား စိတ်ဆင်းရဲစေရန် အမြဲတစေ ပြုမူဆောင်ရွက်နေပါသောကြောင့် သားအဖြစ်မှ အပြီးအပိုင်အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ မောင်သော်ဇင်ဦး၏ ငွေရေးကြေးရေးကိစ္စများနှင့်တကွ ဆောင်ရွက်မှုမှန်သမျှကို မိခင်ကြီးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နုနုဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၁၃၁၅/က)နေ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မင်းကျော်စွာ(၉)လမ်း၊ အမှတ် (၁၇/၃၄/၇၉၀-က)ရှိ အကျယ်အဝန်း(၂၀x၆၀)ပေ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေသည် အမည်ပေါက်ပိုင်ရှင်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အဲမွန်ဦး(LL.B(Q)) (C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၃၈)**
**ဖုန်း-၀၉-၄၅၉၃၈၂၄၇၁၊ ၀၉-၇၈၉၈၇၅၆၂၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ပုလဲ(၄)လမ်း၊ အမှတ်(၄၉၆)ဟုခေါ်တွင်သော မြေအကျယ်ပေ (၁၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်ကျော်+ဒေါ်တင်တင်ထွေးတို့မှ ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဒေါ်နီလာကျော်ထွန်း၊ ဦးဟန်ညီကျော်ထွန်းနှင့် ဦးကိုကိုမောင်တို့ မောင်နှမ(၃)ဦးတို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ-** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်နီလာကျော်ထွန်း၊** | **ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)** |
| **ဦးဟန်ညီကျော်ထွန်းနှင့်** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)** |
| **ဦးကိုကိုမောင်** | **ရုံး(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊** |
| | **မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉** |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အာရှဖလား အမျိုးသမီး ခြေစစ်ပွဲအဖြစ် မြန်မာနှင့် ဂူအမ် ယနေ့ကစားမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) ဒုတိယနေ့ကို အောက်တိုဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဂူအမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ယူအေအီးအသင်းနှင့် လက်ဘနွန်အသင်း၊ ညနေ ၅ နာရီခွဲတွင် မြန်မာအသင်းနှင့် ဂူအမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အောက်တိုဘာ ၁၈ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမနေ့တွင် မြန်မာက လက်ဘနွန်ကို လေးဂိုး-ဂိုးမရှိ၊ ယူအေအီးက ဂူအမ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် ဂူအမ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး နိုင်ပွဲထပ်မံရယူနိုင်ပါက

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ○**



## ကျိုက္ခမီ၊ စက်စဲ၌ သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း ဘုရားဖူးသူနှင့် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**သံဖြူဇရပ် အောက်တိုဘာ ၂၀**


မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် သီတင်းကျွတ်အလုပ်ပိတ်ရက် သုံးရက်အတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျိုက္ခမီဆံတော်ရှင် ရေလယ်ဘုရားသို့ ဘုရားဖူးနှင့် ကုသိုလ်ကောင်းမှုပြုရန် ရပ်ဝေးရပ်နီးမှ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် ရောက်ရှိကာ စည်ကားလျက်ရှိကြောင်း သိရသည်။

**အပန်းဖြေအနားယူ**

သမိုင်းဝင် ကျိုက္ခမီရေလယ်ဘုရားတွင် ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရားပွားများကြပြီး အပြန်ခရီးတွင် စက်စဲကမ်းခြေသို့ သွားရောက်ပြီး အပန်းဖြေအနားယူလျက်ရှိသည်။

ထို့အတူ သီတင်းကျွတ်လပြည့်နေ့၌ သံဖြူဇရပ်မြို့အတွင်းရှိ မြို့တော်ဦးဘုရားစေတီနှင့် အင်ကြင်းတောင်ဘုရားစေတီများတွင်လည်း ကုသိုလ်ကောင်းမှုပြုသူများပြားလျက်ရှိကြောင်း သိရသည်။

**သီတာဝင်း(ပြန်/ဆက်)**




## ပီအက်စ်ဂျီအသင်းက လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိ တိုက်စစ်မှူး မက်ဆီရဲ့ ချန်ပီယံလိဂ်သွင်းဂိုး ၁၂၃ ဂိုးအထိ ရှိလာ

ချန်ပီယံလိဂ်အုပ်စု(A)ရဲ့ တတိယပွဲစဉ်အဖြစ် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပီအက်စ်ဂျီအသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းဟာ ပွဲကစားချိန်ကိုးမိနစ်မှာ ရရှိခဲ့တဲ့

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂**

## ကြေးမုံ ယနေ့ ဖတ်စရာ

**အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ်သို့ လာရောက်လည်ပတ်မည့် ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်း ဖြေလျှော့မည်**

စာမျက်နှာ » ၁၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၈၅၃ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၉၃ ဦး တွေ့ရှိ**

အောက်တိုဘာ ၁၉ ရက်အထိ လူဦးရေ ၁၂၀၀၃၂၀၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီး

စာမျက်နှာ » ၂၀




**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၃